# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 7, Vol: 1/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (ဗုဒ္ဓဟူးနေ့)

စင်ကာပူဝန်ကြီးချုပ် Lawrence Wong ၏ တောင်ကိုရီးယား နိုင်ငံသို့ ခရီးစဉ်အတွင်း ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒီဂျစ်တယ် စီးပွားရေးဆိုင်ရာ စပ်လျဉ်း၍ ဆွေးနွေး

စာမျက်နှာ ၁



ရန်ကုန်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး

စာမျက်နှာ ၁၄



တရုတ်နိုင်ငံ၏ စီးပွားရေးစီမံကိန်းအသစ်နှင့်အညီ ကုန်သွယ်နိုင်ရန် ထိုင်းအစိုးရ ပြင်ဆင်

စာမျက်နှာ ၂၃




ကမ္ဘာ့ဒုတိယအကြီးဆုံး LNG တင်သွင်းသည့် နိုင်ငံ ဖြစ်လာနိုင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ

စာမျက်နှာ ၃၁



# သတင်းများ


| | | |
|---|---|---|
| စင်ကာပူဝန်ကြီးချုပ် Lawrence Wong ၏ တောင်ကိုရီးယားနိုင်ငံသို့ ခရီးစဉ်အတွင်း ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒီဂျစ်တယ် စီးပွားရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေး | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၁ |
| ထိုင်းနိုင်ငံသည် ပြည်တွင်းဈေးကွက်တွင် ပိုလျှံမှုကိုကာကွယ်ရန် EV မူဝါဒကို ပြင်ဆင်ပြောင်းလဲခဲ့ | ဒေါ်ကျော့ကေခိုင် (DICA) | ၂ |
| RCEP ၏ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း အပေါ်သက်ရောက်မှုများ | ဒေါ်ယဉ်မင်းလှ (DICA) | ၃ |
| ၂၀၂၆ ခုနှစ်အတွက် ထိုင်းဆန်တင်ပို့မှု အခင်းအကျင်းနှင့် ဈေးကွက်စိန်ခေါ်မှုများ | ဒေါက်တာခင်ဆွေဦး (UMO) | ၉ |
| ရုရှားနိုင်ငံသမ္မတနှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်တို့ နယူးဒေလီတွင် ထိပ်သီးဆွေးနွေးပွဲကျင်းပ | ဒေါ်တင်ဇာကျော် (UMO) | ၁၀ |
| ထိုင်ဝမ်အနီးတွင် 'အလွန်အန္တရာယ်ရှိသော' ဒုံးကျည်ဖြန့်ကျက်ရေး အစီအစဉ်အပေါ် တရုတ်နိုင်ငံကဂျပန်နိုင်ငံအား သတိပေး | ဒေါ်ဝေဝေဇင် (FERD) | ၁၂ |
| ရန်ကုန်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး | ဒေါ်ထက်ထက်လွင် (FERD) | ၁၄ |
| မြန်မာနိုင်ငံ၏ လာမည့်ရွေးကောက်ပွဲအား တိုးတက်မှုအဖြစ် သတ်မှတ်၍ မြန်မာနိုင်ငံသားများအတွက် ယာယီနေထိုင်ခွင့်ကို အမေရိကန်ပြည်ထောင်စုက ရုပ်ဆိုင်း | ဒေါ် စိုးမြတ်သန္တာ (FERD) | ၁၇ |

# သတင်းများ


| | | |
|---|---|---|
| သမ္မတထရမ့်၏ သပိတ်မှောက်မှုကြောင့် တောင်အာဖရိကတွင် ကျင်းပခဲ့သည့် G20 ထိပ်သီးအစည်းအဝေးတွင် အမေရိကန်နိုင်ငံမပါဝင်ဘဲ အဆုံးသတ်ခဲ့ | ဦးထွန်းပြည့်စုံအောင် (FERD) | ၁၉ |
| မြေရှားသတ္တုသန့်စင်စက်ရုံတစ်ခု တည်ဆောက်ရန် အမေရိကန်နှင့် ဆော်ဒီတို့ လက်မှတ်ရေးထိုး | ဒေါ်ထက်ထက်ကျော် (FERD) | ၂၀ |
| ဂျီ-၂၀အဖွဲ့ဝင်နိုင်ငံများသည် ဂျပန်-တရုတ် တင်းမာမှုဖြစ်ပွားနေစဉ်ကမ္ဘာလုံးဆိုင်ရာပြဿနာများကို အတူဖြေရှင်းရန်ကတိပြု | ဒေါ်ဆုရွှန်းလဲ့ခင် (FERD) | ၂၁ |
| တရုတ်နိုင်ငံ၏ စီးပွားရေးစီမံကိန်းအသစ်နှင့်အညီ ကုန်သွယ်နိုင်ရန် ထိုင်းအစိုးရ ပြင်ဆင် | ဒေါ်စန်းစန်းမာ (FERD) | ၂၃ |
| အမေရိကန်နှင့် ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုကို မကြာခင်အချိန်အတွင်းရယူနိုင်ရန် အိန္ဒိယမျှော်လင့်နေ | ဦးလှမိုးသူ (FERD) | ၂၅ |
| နောက်လတွင် ဗဟိုအာရှ ၅ နိုင်ငံနှင့် ပထမဆုံးထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဂျပန်စီစဉ်နေ | ဦးသူရိန်ကိုကို (FERD) | ၂၆ |
| G20 နိုင်ငံများ၌ အကောက်ခွန်အသစ်များနှင့်အတူ ကုန်သွယ်မှုတိုးမြှင့်ရေး နည်းလမ်းများတိုးလာကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အစီရင်ခံစာကတွေ့ရှိ | ဦးအောင်မြင့်သန့် (FERD) | ၂၇ |
| လာမည့်ဘဏ္ဍာနှစ်တွင် နေကြာစေ့ ၆ သိန်းခွဲကျော် တိုးချဲ့စိုက်ပျိုးမည် | ဦးသူရိန်ကိုကို (FERD) | ၃၀ |

# သတင်းများ


| | | |
|---|---|---|
| ကမ္ဘာဒုတိယအကြီးဆုံး LNG တင်သွင်းသည့်နိုင်ငံ ဖြစ်လာနိုင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ဒေါ်ရီရီမွန် (FERD) | ၃၁ |
| ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအကြီးအကဲများ ကောင်စီအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဖိုရမ်သို့ ဒုတိယဝန်ကြီးဦးကျော်ထင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက် | ဒေါ်သက်ဆုကြည် (FERD) | ၃၂ |

**စင်ကာပူဝန်ကြီးချုပ် Lawrence Wong ၏ တောင်ကိုရီးယားနိုင်ငံသို့ ခရီးစဉ်အတွင်း ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒီဂျစ်တယ်စီးပွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး**

စင်ကာပူဝန်ကြီးချုပ် Lawrence Wong ၏ တောင်ကိုးရီးယားနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး အဆင့်မြှင့်တင်ရာ၌ ကဏ္ဍများအနက် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒီဂျစ်တယ်စီးပွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြား ခဲ့ပါသည်။



တောင်ကိုရီးယားသမ္မတ Lee Jae Myung က **"စင်ကာပူနိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်ကြရန် မျှော်လင့်ကြောင်းနှင့် စင်ကာပူနိုင်ငံ၏ ၂၀၂၇ ခုနှစ်တွင် ကျရောက်မည့် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌနှင့် ၂၀၃၀ ပြည့်နှစ်တွင် ကျရောက်မည့် APEC အလှည့်ကျဥက္ကဋ္ဌတို့အဖြစ် ဆောင်ရွက်နိုင်ရေး စင်ကာပူနိုင်ငံကို ထောက်ခံပေးမည်ဖြစ်ကြောင်း"** ပြောကြားခဲ့ပါသည်။

စင်ကာပူသမ္မတ Lawrence Wong က **"အာဆီယံ - ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသသဘောတူစာချုပ် အဆင့်မြှင့်တင်ရန်အတွက် ညှိနှိုင်းမှုများကို ၂၀၂၆ ခုနှစ်၊ အစောပိုင်းတွင် ဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း၊ ကိုရီးယား - စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်သည် တောင်ကိုရီးယားနိုင်ငံအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံနှင့် ချုပ်ဆိုသည့် ပထမဦးဆုံးစာချုပ် ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများ စာရင်းတွင် အပြန်အလှန်အားဖြင့် ထိပ်ဆုံး ၁၀ နိုင်ငံ၌ ပါဝင်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာမှုကို ကြိုဆိုကြောင်း၊ တောင်ကိုရီးယားနိုင်ငံသည် စွမ်းအင်၊ AI နှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းကဏ္ဍတို့တွင်အလားအလာကောင်းများရှိကြောင်း၊ တောင်ကိုရီးယား ကုမ္ပဏီများ၏ ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်တို့ကို ထိုးဖောက်ရာ၌ စင်ကာပူနိုင်ငံသည် အခြေပြုနိုင်ငံ ဖြစ်စေရန် မျှော်လင့်ကြောင်း"** ပြောကြားခဲ့ပါသည်။

Source: The Straits Times

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# ထိုင်းနိုင်ငံသည် ပြည်တွင်းဈေးကွက်တွင် ပိုလျှံမှုကိုကာကွယ်ရန် EV မူဝါဒကို ပြင်ဆင်ပြောင်းလဲခဲ့

ထိုင်းနိုင်ငံသည် ပို့ကုန်ကိုအားပေးရန်နှင့် ပြည်တွင်း ဈေးကွက်တွင် လျှပ်စစ်သုံးယာဉ် (EV) ပိုလျှံမှု မဖြစ်ပေါ်စေရန်အတွက် လျှပ်စစ်သုံးယာဉ် အားပေးမူဝါဒကို ပြင်ဆင်ပြောင်းလဲခဲ့ကြောင်း ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) က အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါပြင်ဆင်ချက်အရ ပြည်ပသို့တင်ပို့ရန်ထုတ်လုပ်သော လျှပ်စစ်သုံး ယာဉ် (EV) တိုင်းကို ယခုမှစ၍ ၁.၅ ယူနစ်အဖြစ် ထုတ်လုပ်သူတစ်ဦး၏ ပြည်တွင်း ထုတ်လုပ်မှု တာဝန်ဝတ္တရားများတွင် သတ်မှတ်မည်ဖြစ်ကြောင်း အေဂျင်စီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ယခု ပြင်ဆင်ချက်သည် ကားထုတ်လုပ်သူများအား ပို့ကုန် ပမာဏ တိုးမြှင့်ရန်နှင့် ပြည်တွင်း ဈေးကွက် လိုအပ်သည်ထက် ပိုလျှံမှုကိုတားဆီးရန်အတွက် မက်လုံးပေးရန် ဖြစ်သည်ဟု အဆိုပါ ဘုတ်အဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇူလိုင်လတွင် အေဂျင်စီသည် ထုတ်လုပ်မှုလိုအပ်ချက်များကို ပြည့်မီစေရန်နှင့် ပို့ကုန်မြှင့်တင်ရန်အတွက် ကားထုတ်လုပ်သူများအား လိုက်လျောညီထွေဖြစ်စေရန် ၎င်း၏ EV မူဝါဒကို ပြန်လည်ပြင်ဆင်ခဲ့သည်။

တရုတ်ကုန်အမှတ်တံဆိပ်များသည် ထိုင်းနိုင်ငံ၏ လျှပ်စစ်သုံးယာဉ် (EV) ဈေးကွက်ကို ရောင်းအား ၇၀% ကျော်ဖြင့် လွှမ်းမိုးထားသည်။

၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း လုပ်ငန်းလည်ပတ်နေသည့် **EV3.5** ဟုခေါ်သော အစိုးရ၏မက်လုံးပေး အစီအစဉ်အရ လျှပ်စစ်သုံးယာဉ် (EV) ထုတ်လုပ်သူများသည် ထိုင်းနိုင်ငံတွင် စက်ရုံများ တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုအတွက် ကားတင်သွင်းရာတွင် အခွန်လျှော့ပေါ့မှုများနှင့် ထောက်ပံ့ကြေးများ ရရှိမည်ဖြစ်သည်။

အဆိုပါအစီအစဉ်သည် အဓိကအားဖြင့်တရုတ်ကုမ္ပဏီကြီးများဖြစ်သည့် **BYD** နှင့် **Great Wall Motors**တို့ အပါအဝင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော် တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ဇန်နဝါရီလမှ ဇူလိုင်လအထိ လျှပ်စစ်ဘက်ထရီကား (**Battery EV**) မှတ်ပုံတင်မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၅ ရာခိုင်နှုန်း တိုးလာပြီး စုစုပေါင်း ၈၁,၁၇၉ စီး ရှိကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်မှ ဖော်ပြခဲ့သည်။

အဆိုပါကာလအတွင်း လျှပ်စစ်ဘက်ထရီကားများသည် ထိုင်းပြည်တွင်းကား ရောင်းရငွေ စုစုပေါင်း၏ ၁၈% သာရှိပြီး ဒီဇယ်နှင့်ဓာတ်ဆီသုံး ပစ်ကပ်ယာဉ် များသည် ၂၄% ၊ **ICE** လူစီးကားများ သည် ၂၃% နှင့် ဟိုက်ဘရစ်လျှပ်စစ်ကား များသည် ၂၀% တို့ အသီးသီးရှိခဲ့ကြသည်။

Source: https://www.bangkokpost.com/business/general/3144209/thailand-adjusts-ev-policy-to-head-off-supply-glut

ဒေါ်ကျော့ကေခိုင်
အငယ်တန်းစာရေး
မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## RCEP ၏ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍအနေဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းအပေါ် သက်ရောက်မှုများ

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ခရီးစဉ်သည် ၂၀၀၀ ပြည့်နှစ် အလွန်နှစ်များ၏ အလယ်ပိုင်းမှ နှောင်းပိုင်းကာလတွင် စတင်ခဲ့သည်။ အရှေ့အာရှ ထိပ်သီးအစည်းအဝေး (EAS) ကို တည်ထောင်ပြီးနောက်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် ၎င်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာခဲ့သည်။ ရလဒ်အနေဖြင့်၊ အပြိုင်အဆိုင်ဖြစ်သော အစီအစဉ်နှစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

ပထမတစ်ရပ်မှာ တရုတ်နိုင်ငံက ထောက်ခံတင်သွင်းသည့် အရှေ့အာရှ လွတ်လပ်သော ကုန်သွယ်မှု ဧရိယာ (East Asia Free Trade Area) ဖြစ်သည်။ ၎င်းသည် အဓိကအားဖြင့် EAS အတွင်း ကုန်သွယ်မှုတွင် အခွန်အခများ (tariffs) ပယ်ဖျက်ရန် ရည်ရွယ်ခဲ့ပြီး အာဆီယံ အပေါင်းသုံး (ASEAN Plus Three) ပုံစံရှိ အဖွဲ့ဝင် (၁၃) နိုင်ငံကို လွှမ်းခြုံထားပါသည်။ အခြားတစ်ခုမှာ အရှေ့အာရှ ဘက်စုံ

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (CEPEA) ဖြစ်သည်။ ၎င်းကို ဂျပန်နိုင်ငံက ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး EAS တွင် ပါဝင်သည့် (၁၆) နိုင်ငံကြား ပိုမိုအဆင့်မြင့်သော ပုံစံများနှင့် ကွဲပြားသော (diversified) ပူးပေါင်းဆောင်ရွက်မှု အပေါ် အလေးပေးခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှား ကုန်သွယ်ရေး ဝန်ကြီးဌာနမှ EAFTA နှင့် CEPEA တို့အပေါ် အာဆီယံ၏ သင့်လျော်သော တုံ့ပြန်မှုကို ဆွေးနွေးခဲ့ကြပြီး AEC အား ကောင်းမွန်သော ပြင်ပပတ်ဝန်းကျင် အခြေအနေတစ်ခု ပေးနိုင်ရန်အတွက် ဒေသတစ်ခုလုံးကို လွှမ်းခြုံသော (pan-regional) အာဆီယံ ဦးဆောင်သည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲရမည်ဟု သဘောတူခဲ့ကြသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ဆိုင်ရာ ဆွေးနွေးပွဲများ စတင်ခဲ့သည်။




RCEP ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ လမ်းညွှန်စာတမ်းအရ ပါဝင်သော နိုင်ငံများအား ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း ထောက်ပံ့ရေး ကွင်းဆက်များတွင် ပါဝင်နိုင်ရန်ဆိုသည့်အချက်အား ထောက်ခံသည့် ပိုမိုနက်ရှိုင်းသော ပူးပေါင်းပါဝင်မှု အပြင် RCEP တွင် ပါဝင်သူများသည် **"သင့်လျော်သော ပြင်လွယ်ပြောင်းလွယ်"**ကို ဆက်လက်ထားရှိရန် သဘောတူခဲ့ကြသည်။ အထူးသဖြင့် RCEP ၏ **"ဦးဆောင်မောင်းနှင်အား"** အဖြစ် အာဆီယံ၏ အဆင့်အတန်း (status) ကို အတည် ပြုခဲ့သည်။ အာဆီယံနှင့် ၎င်း၏ EAS မိတ်ဖက်များ ချုပ်ဆိုထားသော FTA များ၏ မတူညီသော အဆင့်အတန်းများနှင့် အကြောင်းအရာများ အပါအဝင် ၎င်းတို့၏ ကုန်သွယ်မှုဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ သဘောထားကွဲလွဲမှုများကြောင့် RCEP ဆွေးနွေးညှိနှိုင်းမှုများသည် ကြီးမားသော စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း ဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အပြီးသတ်နိုင်ခဲ့သည်။

RCEP သဘောတူညီချက်ကို အိန္ဒိယမပါဘဲ လက်မှတ်ရေးထိုးခဲ့သည်။ နယူးဒေလီ (အိန္ဒိယ) က ဆွေးနွေးပွဲများမှ နုတ်ထွက်ရသည့် အကြောင်းရင်းများမှာ အိန္ဒိယသည် ၎င်း၏ RCEP မိတ်ဖက် နိုင်ငံ အများအပြားနှင့် ကုန်သွယ်မှုလိုငွေ (trade deficit) တိုးပွားလာခြင်းကို ရင်ဆိုင်ခဲ့ရသည်။ ICT ကဏ္ဍနှင့် ဆေးဝါး ကဏ္ဍများတွင် အားသာချက်များရှိသော်လည်း အိန္ဒိယသည် တရုတ်၏ ဈေးကွက်ကို

ထိုးဖောက်နိုင်ခြင်း မရှိပေ။ ဆွေးနွေးညှိနှိုင်းမှုများအတွင်း ဝန်ဆောင်မှုကုန်သွယ်မှုကို လွတ်လပ်ခွင့်ပြုခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ RCEP သည် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် အဓိကကျသော မှတ်တိုင်တစ်ခုဖြစ်သည်။ COVID-19 ကပ်ရောဂါ ဆွေးနွေးညှိနှိုင်းမှုများ အပြီးသတ်နိုင်ခဲ့ခြင်း အချက်က အာရှ-ပစိဖိတ်သည် ဘက်စုံပါဝင်သော ကုန်သွယ်မှု ပေါင်းစည်းရေး (multilateral trade integration) ကို ဆက်လက် ကတိပြုထားကြောင်း ညွှန်ပြနေသည်။

RCEP ၏ အကျိုးသက်ရောက်မှုမှာ အာရှ-ပစိဖိတ် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များ (Global Value Chains - GVC) အပေါ် သက်ရောက်မှုများစွာရှိပါသည်။ ASEAN ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာ ၂၀၂၀-၂၀၂၁ အရ RCEP အဖွဲ့ဝင်များသည် ကမ္ဘာ့ကုန်ထုတ်လုပ်မှု (manufacturing) နှင့် မော်တော်ယာဉ်ထုတ်လုပ်မှု (automotive production) ၏ ၅၀% ခန့် နှင့် အီလက်ထရောနစ် (ပစ္စည်း) ၏ ၇၀% တို့ကို (စုစုပေါင်း) ပိုင်ဆိုင်ထားသည်။ ၂၀၁၀ မှ ၂၀၁၈ ခုနှစ်အတွင်း RCEP နိုင်ငံများ၏ GVC နှင့် ဆက်စပ်သော ကုန်သွယ်မှုသည် ၃၄% တိုးတက်ခဲ့ပြီး ဒေသတွင်း GVC မှ ဖြစ်ပေါ်လာသော ကုန်သွယ်မှု (intra-regional GVC-generated trade) သည် ၅၀% တိုး တက်ခဲ့ပါသည်။

RCEP သည် အာဆီယံဦးဆောင်သော အာရှ-ပစိဖိတ် ဘက်စုံ ဆွေးနွေးပွဲများ (multilateral dialogue venues) ကို အဆင့်မြင့် ကုန်သွယ်မှု အလေ့အကျင့်များ (advanced trade practices) အပေါ် အခြေခံသည့် ခိုင်မာသော စီးပွားရေး အခြေခံအုတ်မြစ်တစ်ခုအား ပံ့ဖော်ပေးခြင်းဖြင့် ၎င်း၏ မဏ္ဍိုင်လေးရပ် ဖြစ်သော - ကုန်သွယ်မှု၊ ထောက်ပံ့ရေး ကွင်းဆက်များ၊ သန့်ရှင်းသော စီးပွားရေး (clean economy) နှင့် မျှတသောစီးပွားရေး (fair economy) - တို့သည် လက်တွေ့ကျသော လုပ်ငန်း အစီအစဉ်များဖြစ်မည့်အစား ပန်းတိုင်-သတ်မှတ်ချက် ကြေညာချက်များ (goal-setting statements) သာ ဖြစ်နေသည်။

RCEP ၏ e-commerce ဆိုင်ရာ ပြဋ္ဌာန်းချက်များကို မလေ့လာမီ ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်း (digitalization) ဆိုင်ရာ ကိစ္စရပ်များကို အကျဉ်းချုံး ဖော်ပြသွားမည် ဖြစ်ပါသည်။ **“ဒီဂျစ်တယ် စီးပွားရေး”** (digital economy) ဟူသော ဝေါဟာရအား ရှင်းလင်းစွာ ပြဋ္ဌာန်းနိုင်ခြင်း မရှိသောကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT) ကဏ္ဍဟု ဖော်ပြနေပြီး (ထိုကဏ္ဍ) သည် စီးပွားရေး မော်ဒယ်သစ်များ အပါအဝင် ဒီဂျစ်တယ်စနစ်သို့

ကူးပြောင်းခြင်းနှင့် ဆက်စပ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ဆောင်မှုများအတွက် အခြေခံအဖြစ် ဆောင်ရွက်ပါသည်။ ICT နည်းပညာများသည်မြန်ဆန်စွာဖြစ်ပေါ် တိုးတက်နေသောကြောင့် အင်တာနက်၊ ရုပ်မြင်သံကြားနှင့် မိုဘိုင်းဆက်သွယ်ရေးကဏ္ဍတို့ကဲ့သို့ သီးခြားစီသတ်မှတ်လေ့ရှိသော စျေးကွက်များ ပေါင်းဆုံသွားခြင်းသည် နိုင်ငံအဆင့် (national) နှင့် နိုင်ငံဖြတ်ကျော် (supra-national) စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး အဖွဲ့အစည်းများ (regulatory institutions) နှစ်ရပ်လုံးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်စေပါသည်။

ဒုတိယအချက်အနေဖြင့် နည်းပညာများ၏ သက်တမ်းတိုတောင်းလာခြင်းကြောင့် လာမည့်ဆယ်စုနှစ်အတွင်း၊ 5G၊ 6G နှင့် 6GE အင်တာနက်တို့သည် ပူးတွဲဆက်သွယ်ရေးနှင့် အာရုံခံခြင်း၊ 3D ပုံရိပ်ဖြင့် အလိုအလျောက် ဝန်ဆောင်မှုပံ့ပိုးခြင်း၊ ဟော်လိုဂရမ်နည်းပညာဖြင့် အဝေးမှတက်ရောက်ခြင်း (holographic telepresence) စသည်တို့ကဲ့သို့ အခြေခံအဆောက်အအုံများ၊ ကူးသန်းရောင်းဝယ်ရေးကျင့်ထုံးများနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများကို ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်လာမည်ဖြစ်ပါသည်။ တတိယအချက်မှာ ဆိုက်ဘာလုံခြုံရေး (cybersecurity) ကိစ္စရပ်များဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေး လုပ်ဆောင်သူများ၏ ဦးစားပေး အစီအစဉ်များတွင် ပို၍ပင် ကြီးမားစွာ ဖြစ်ပေါ်လာနေပါသည်။ အရှေ့တောင်အာရှသည် ဒီဂျစ်တယ် အထောက်အကူပြု ကူးသန်းရောင်းဝယ်ရေး လုပ်ဆောင်မှု၏ ဗဟိုချက်ဖြစ်သည့်အလျောက် အွန်လိုင်းရာဇဝတ်မှု အမျိုးမျိုးတို့သည် လွန်ကဲစွာပေါ်များနေပါသည်။ ဥပမာအားဖြင့် လုပ်ငန်းသုံး အီးမေးလ်ကို ထိပါးခြင်း၊ လိမ်လည်လှည့်ဖြား၍ အချက်အလက် ခိုးယူခြင်း၊ ငွေညှစ်ဆော့ဖ်ဝဲလ် (ransomware)၊ e-commerce အချက်အလက် ကြားဖြတ်ခိုးယူခြင်း (data interception) စသည်တို့ ပါဝင်သည်။ ဤအတောအတွင်း ထိုစိန်ခေါ်မှုများကို ဖြေရှင်းရန် အရှေ့တောင်အာရှ နိုင်ငံများ၏ အသင့်ရှိမှုမှာ နိမ့်ကျနေဆဲဖြစ်သည်။

RCEP ၏ e-commerce ဆိုင်ရာကိစ္စရပ်များကို အများအားဖြင့် အခန်း ၁၂ (အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး) တွင် သီးသန့် ဖော်ပြထားသည်။ အပိုဒ် ၁၂.၁ (Article 12.1) သည် **"အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး"** ဟူသော ဝေါဟာရကို သီးသန့်အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိပါ။ ယင်းအစား **"ကွန်ပျူတာဆိုင်ရာ အထောက်အကူပစ္စည်းများ"** (computing facilities)၊ **"အကျုံးဝင်သော ပုဂ္ဂိုလ်များ"** (covered persons)၊ **"အီလက်ထရောနစ် စစ်မှန်ကြောင်းအတည်**

ပြုခြင်း" (electronic authentication) နှင့် **"တောင်းဆိုခြင်းမရှိသော စီးပွားဖြစ် အီလက်ထရောနစ် သတင်းစကား"** (unsolicited commercial electronic message) ဟူသော ဝေါဟာရများကို အသေးစိတ် ဖော်ပြချက်များ ပေးထားသည်။

RCEP သဘောတူညီချက် အသက်ဝင်လာခြင်းသည် အာရှ - ပစိဖိတ် ဒေသနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ၂၀၂၅ အတွက် အလွန်အရေးပါသော မိုင်တိုင်တစ်ခု ဖြစ်သည်။ ၎င်းသည် အာဆီယံအတွက် အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများ နှစ်မျိုးစလုံးကို ဖြစ်ပေါ်စေပါသည်။ RCEP သည် အာဆီယံ၏ ကြီးမားသော အောင်မြင်မှုတစ်ခုအဖြစ် ပြသနိုင်ပြီး၊ ဒေသတွင်း စီးပွားရေး၊ နိုင်ငံရေး၊ နှင့် လုံခြုံရေးအပေါ် သြဇာလွှမ်းမိုးမှု ရှိစေနိုင်မည်ဖြစ်ပါသည်။ အာဆီယံသည် တရုတ်နိုင်ငံနှင့် တန်းတူမဟုတ်သော်လည်း RCEP ကို **"ဦးဆောင်သူ"** (driving force) အဖြစ် အသုံးချ၍ တရုတ်နိုင်ငံအား အရှေ့တောင်အာရှတွင် မူဝါဒများ ချမှတ်ရာ၌ အာဆီယံ၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားလာစေရန် တွန်းအားပေးနိုင်သည့် ကိရိယာအဖြစ် သာမက အာဆီယံနိုင်ငံများရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ကို ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် (GVC) များသို့ ဝင်ရောက်နိုင်ရန်လည်း အထောက်အကူ ပြုနိုင်ပါသည်။ အကယ်၍ RCEP ဧရိယာသည် တရုတ်၏ BRI (ရပ်ဝန်းနှင့် လမ်းကြောင်း) စီမံကိန်းနှင့် ပေါင်းစပ်၍ ကမ္ဘာ့ကုန်ထုတ်လုပ်မှု ဗဟိုဖြစ်လာပါက အာဆီယံ၏ နိုင်ငံတကာ အဆင့်အတန်းသည် အဆပေါင်းများစွာ မြင့်တက်လာနိုင်သည်။ လုံခြုံရေး အနေဖြင့် RCEP သည် ဒေသတွင်း လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးကိုလည်း အပေါင်းလက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများ ပေးနိုင်မည်ဖြစ်ပါသည်။

စိန်ခေါ်မှုများအနေဖြင့် တရုတ်နိုင်ငံသည် RCEP ကို ၎င်း၏ BRI ရပ်ဝန်းနှင့် လမ်းကြောင်း ဒီဂျစ်တယ် ပိုးလမ်းမ (Digital Silk Road) **"Made in China 2025"** ကဲ့သို့သော အခြားစီမံကိန်းများနှင့် ပေါင်းစပ်ပြီး အရှေ့တောင်အာရှ၏ စီးပွားရေးကို ၎င်းတို့ အကျိုးစီးပွားအတွက်သာ ချုပ်ကိုင်သွားနိုင်မည့် အခြေအနေနှင့် အမေရိကန်-တရုတ်တို့၏ ဒီဂျစ်တယ် ကဏ္ဍတွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာခြင်းသည် အာဆီယံ၏ အားနည်းချက်ကို တိုးစေသည်။ ၎င်းအပြင် RCEP ၏ **"ဦးဆောင်သူ"** ဟူသည့် အာဆီယံ၏ အနေအထားသည် အားနည်းချက်တစ်ခု ဖြစ်လာနိုင်သည်။ အလျင်အမြန် ပြောင်းလဲနေသော ဒီဂျစ်တယ် နည်းပညာကဏ္ဍများကို စီမံခန့်ခွဲရာတွင် အာဆီယံအနေဖြင့် ကျွမ်းကျင်မှုနှင့် စွမ်းရည်မပြည့်ဝပါက အာဆီယံသည် AEC 2025 တွင် ဒစ်ဂျစ်တယ် ဈေးကွက်တစ်ခုတည်း ဖော်ဆောင်ရန် နည်းပညာ

ထုတ်လုပ် သူထက် သုံးစွဲသူသာ ဖြစ်နေသေးမည် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် RCEP ၏ အကျိုးကျေးဇူးများသည် စီးပွားရေး သက်သက် ထက် ပိုမိုပါသည်။၎င်းသည်အာဆီယံ၏ **"ကြားနေမှုနှင့်အားလုံးပါဝင်မှု"** (neutrality and inclusivity) အပေါ် အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည် အားဖြည့်ရန် ကြိုးပမ်းမှုလည်း ဖြစ်ပါသည်။ RCEP နှင့် ၎င်း၏ ဒီဂျစ်တယ်ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အာဆီယံ၏ ဒေသပြင်ပ မိတ်ဖက်များနှင့် ဆွေးနွေးမှုများ ပုံဖော်ရန် ဖြစ်နိုင်ခြေများကို ချဲ့ထွင်ပေးပါသည်။ အာဆီယံသည် တိုးချဲ့လာသော ပြင်ပအကူအညီများဖြင့် ၎င်း၏စီးပွားရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်သစ်များကို တိုးတက်အောင် လုပ်ဆောင်နိုင်သည်သာမက RCEP ၏ ပိုင်နက် နယ်ပယ်သည် ကြီးမားကျယ်ပြန့်သော ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှု နှင့် ကူးသန်းရောင်းဝယ်ရေး ဇရိယာတစ်ခု ဖြစ်လာနိုင်ဖွယ်ရှိသည်။ RCEP ညှိနှိုင်း ဆောင်ရွက်သူအဖြစ် အာဆီယံသည် ဥပမာအားဖြင့် ASEAN+3 ပုံစံရှိ ၎င်း၏ အာရှ-ပစိဖိတ် စီမံကိန်းများကို ဒေသတွင်း စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများသာမက ရေရှည်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အကျိုး ကျေးဇူးများကိုပါ ပံ့ပိုးပေးနိုင်မည် ဖြစ်ပြီး ယင်းသည် အာဆီယံ၏ နိုင်ငံတကာ အဆင့်အတန်းကို အဆပေါင်းများစွာ တိုးမြင့်စေမည်ဖြစ်ပါသည်။

Source: Itakura, K. (2015). Assessing the economic effects of the regional comprehensive economic partnership on ASEAN member states. East Asian Integration, 1-24.

Thangavelu, S. M., Urata, S., & Narjoko, D. A. (2021). Impacts of the regional comprehensive economic partnership on ASEAN and ASEAN least developed countries in the post-pandemic recovery.

Kanaev, E. A. (2023). THE RCEP E-COMMERCE CHAPTER: IMPLICATIONS FOR THE ASEAN ECONOMIC COMMUNITY.

ဒေါ်ယဉ်မင်းလှ
လက်ထောက်ညွှန်ကြားရေးမှူး
စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၆ ခုနှစ်အတွက် ထိုင်းဆန်တင်ပို့မှု အခင်းအကျင်းနှင့် ဈေးကွက်စိန်ခေါ်မှုများ

၂၀၂၆ ခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု အလားအလာသည် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်နေရပြီး အနုတ်လက္ခဏာပြလျက်ရှိပါသဖြင့် ထိုင်းဆန်တင်ပို့သူများအသင်း (Thai Rice Exporters Association) အနေဖြင့် လာမည့်နှစ်တွင် ဆန်တန်ချိန် ၇.၅ သန်း တင်ပို့နိုင်ရန် မျှော်မှန်းထားပြီး ယခုနှစ်တွင်မူ အောက်တိုဘာလကုန်အထိ စုစုပေါင်းဆန်တန်ချိန် ၆.၄ သန်းသာ တင်ပို့နိုင်ခဲ့ရာ ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း တွေ့ရှိရ ပါသည်။



အဆိုပါ ဆန်တင်ပို့မှုကျဆင်းခြင်းသည် အိန္ဒိယနိုင်ငံက ၎င်း၏ဆန်တင်ပို့မှုများကို ပြန်လည် စတင်ခြင်း၊ ကမ္ဘာ့ဆန်ထွက်ရှိမှု မြင့်တက်လာခြင်းနှင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကဲ့သို့ အဓိက ဝယ်လက်များက ဆန်တင်သွင်းမှု ရပ်တန့်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် ထိုင်းဆန်ဖြူတင်ပို့မှုသည် ဇန်နဝါရီလမှ အောက်တိုဘာလ ကုန်အထိ ယမန်နှစ်ကထက် ၄၃ ရာခိုင်နှုန်း သိသိသာသာကျဆင်းခဲ့ကာ တန်ချိန် ၂.၉ သန်းသာ ရှိခဲ့သော်လည်း ထိုင်းဟွမ်မာလီဆန် (Hom Mali Rice) တင်ပို့မှုသည် ဆက်လက်အခြေအနေကောင်းလျက်ရှိနေပြီး တန်ချိန် ၁.၄၉ သန်းကျော်ဖြင့် ယမန် နှစ်ထက် ၁၁ ရာခိုင်နှုန်း ပိုများခဲ့ကာ အမေရိကန်၊ ဟောင်ကောင်နှင့် ကနေဒါနိုင်ငံ တို့ထံ အဓိကတင်ပို့လျက်ရှိပါသည်။ ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Mr. Charoen Laothamatas ကမူ လက်ရှိနှစ်တွင် စုစုပေါင်းဆန်တင်ပို့မှုသည် မူလ ခန့်မှန်းချက် တန်ချိန် ၇.၅ သန်းထက် ကျော်လွန်ပြီး တန်ချိန် ၈ သန်းနီးပါးအထိ ရောက်ရှိနိုင်ကြောင်း အပြုသဘောဖြင့် ပြောကြားခဲ့ပါသည်။

၂၀၂၆ ခုနှစ်အတွက် ထိုင်းဆန်တင်ပို့သူများအသင်းက ဆန်တန်ချိန် ၇.၅ သန်း တင်ပို့ရန် ရည်မှန်းထားရာ ၎င်းတို့ထဲတွင် ဆန်ဖြူ တန်ချိန် ၃.၅ သန်း၊ ဟုမ်းမလီဆန် တန်ချိန် ၁.၇ သန်း၊ ပေါင်းဆန် တန်ချိန် ၁.၄ သန်း၊ ထိုင်းဆန်မွှေး တန်ချိန် ၆ သိန်းနှင့် ကောက်ညှင်းဆန် တန်ချိန် ၃ သိန်းတို့ ပါဝင်ပါသည်။ အဆိုပါအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က ထိုင်းဆန်ဈေးနှုန်းများသည် ကမ္ဘာ့ဈေးကွက်နှင့်အညီ လာမည့်နှစ်တွင် ကျဆင်းဖွယ်ရှိပြီး ယခုနှစ် ဈေးနှုန်းထက်

ပင် နိမ့်ကျနိုင်ကြောင်း အသိပေးပြောကြားခဲ့ပါသည်။ နိုင်ငံခြားကုန်သည်များကမူ ဆန်ဖြူစျေးနှုန်းများသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ အထိ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြပြီး ၎င်းသည် နှစ် ၃၀ အတွင်း အနိမ့်ဆုံးဖြစ်နိုင်ပါသည်။ လက်ရှိစျေးကွက်တွင် ဆန်ကွဲ ၅ ရာခိုင်နှုန်းပါသော ထိုင်းဆန်ဖြူတစ်တန်သည် အမေရိကန် ဒေါ်လာ ၃၃၀-၃၄၀ ဝန်းကျင်ရှိပြီး ပြိုင်ဘက်များဖြစ်သည့် အိန္ဒိယ (ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၅၀)၊ ပါကစ္စတန် (အမေရိကန်ဒေါ်လာ ၃၃၀-၃၄၀) နှင့် ဗီယက်နမ် (အမေရိကန်ဒေါ်လာ ၃၆၀-၃၇၀) တို့၏ စျေးနှုန်းများနှင့် ယှဉ်ပြိုင်နေရသည့် အနေအထားဖြစ်ပါသည်။ အဓိကစိုးရိမ်စရာ အနေဖြင့် အနုတ်လက္ခဏာတစ်ရပ်မှာ အိန္ဒိယနိုင်ငံသည် ၎င်း၏ အရန်ဆန်သိုလှောင်မှုမှ ပိုလျှံနေသည့် ဆန်တန်ချိန်သန်း ၂၀ ခန့်ကို ပြည်ပသို့ တင်ပို့ရန် စီစဉ်နေခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် Mr. Chookiat က ထိုင်းဆန်ဖြူနှင့် ပေါင်းဆန်စျေးနှုန်းများ ကျဆင်းလာခြင်းကြောင့် စျေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်း ကောင်းမွန်လာမည်ဖြစ်ပြီး စျေးကွက်အခွင့်အလမ်းအသစ်များကို ရရှိနိုင်မည်ဟု ယုံကြည်လျက်ရှိပါသည်။ အမေရိကန် စိုက်ပျိုးရေးဌာန (United States Department of Agriculture - USDA) ၏ ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် တန်ချိန် ၂၅ သန်းဖြင့် ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သူဖြစ်လာနိုင်မည်ဖြစ်ပြီး ဗီယက်နမ်သည် တန်ချိန် ၇.၉ သန်းဖြင့် လည်းကောင်း၊ ထိုင်းသည် တန်ချိန် ၇.၂ သန်းဖြင့်လည်းကောင်း နောက်မှလိုက်လာနိုင်မည်ဟုလည်း ခန့်မှန်းထားပါသည်။

Source: https://www.bangkokpost.com/business/general/3129501/tepid-forecast-for-2026-rice-shipment

ဒေါက်တာခင်ဆွေဦး
လက်ထောက်အတွင်းဝန်
မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## ရုရှားနိုင်ငံသမ္မတနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ နယူးဒေလီတွင် ထိပ်သီးဆွေးနွေးပွဲကျင်းပ

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် ဆယ်စုနှစ်များစွာကြာ အနောက်နိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကြား ဖိအားများရှိနေချိန်တွင် ကာကွယ်ရေး၊ ရေနံနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် ရည်ရွယ်ပြီး

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနရီန္ဒရာမိုဒီနှင့် နယူးဒေလီ၌ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်သည်။



လွန်ခဲ့သည့် လေးနှစ်နီးပါးက ရုရှားက ယူကရိန်းကို ကျူးကျော်ပြီးနောက် ဥရောပ နိုင်ငံများသည် ရုရှားစွမ်းအင် အပေါ် မှီခိုအား ထားမှုကို ဖြတ်တောက် လိုက်ကတည်းက အိန္ဒိယသည် ယခုနှစ်အတွင်း အမေရိကန်၏ အခွန် စည်းကြပ်မှုနှင့် ဒဏ်ခတ်ပိတ်ဆို့ မှုများ ကြောင့် ဖိအားများအောက်တွင် လျှော့ဈေးဖြင့် ရုရှားရေနံစိမ်းများ ဝယ်ယူမှုကို အရှိန်မြှင့်ခဲ့သည်။

ရုရှားသမ္မတပူတင်သည် လေးနှစ်တာ အတွင်း ပထမဆုံးအကြိမ်အိန္ဒိယသို့ လာရောက် သည့် ခရီးစဉ်ဖြစ်ပြီး အိန္ဒိယ၏ ရုရှားရေနံ ဝယ်ယူမှုနှင့် ပတ်သက်၍ သမ္မတဒေါ်နယ်ထရန့် က ၎င်း၏ကုန်ပစ္စည်းများအပေါ် ဒဏ်ခတ် ပိတ်ဆို့မှုများ ဖြတ်တောက်ရန် နယူးဒေလီတွင် ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုအတွက် အမေရိကန်နှင့် ဆွေးနွေးနေချိန် ဖြစ်သည်။

ရုရှားနှင့်အိန္ဒိယနှစ်နိုင်ငံစလုံးက ကုန်သွယ်မှုများကို ချဲ့ထွင်လိုပြီး မော်စကို သည် ဆယ်စုနှစ်များစွာကြာ အိန္ဒိယနိုင်ငံ၏ ထိပ်တန်းလက်နက် တင်သွင်းသူဖြစ်ပြီး နယူးဒေလီ၏ စွမ်းအင်တင်သွင်းမှုကြောင့် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ ကုန်သွယ်မှု တိုးမြှင့်လာစေရန် ကြိုးပမ်းရာတွင် အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းများ ပိုမိုတင်သွင်းလိုကြောင်း ပြောကြားထားပါသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်မိုဒီက အိန္ဒိယသည် ကြားနေနိုင်ငံမဟုတ်ကြောင်း၊ အိန္ဒိယတွင် ငြိမ်းချမ်းရေးအတွက် ရပ်တည်ချက်ရှိပြီး ငြိမ်းချမ်းရေး ကြိုးပမ်းမှုတိုင်း ကို ထောက်ခံပါကြောင်း၊ ငြိမ်းချမ်းရေး အစပျိုးလုပ်ဆောင်မှုတိုင်းအတွက် အတူ ယှဉ်တွဲ ရပ်တည်နေပါကြောင်း ပြောကြားခဲ့ပါသည်။

သမ္မတပူတင်က ပဋိပက္ခများကိုဖြေရှင်းဖို့ ရည်ရွယ်သည့် ဝန်ကြီးချုပ်မိုဒီ ၏ အာရုံစိုက်မှုနှင့် ကြိုးပမ်းမှုများနှင့် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းကိစ္စမှာ ဖြစ်ပျက် နေသော ကိစ္စရပ်များအကြောင်းနှင့် အဆိုပါအကျပ်အတည်းကို အမေရိကန်နိုင်ငံ အပါ အဝင် တခြားမိတ်ဖက်တချို့နှင့် ဖြစ်နိုင်ချေရှိသည့် ငြိမ်းချမ်းစွာ ပြေလည်မှုရရှိအောင် ပူးတွဲလုပ်ဆောင်နေသည့်ဆောင်ရွက်ချက်များကိုအသေးစိတ်ပြောရန် ကျွန်တော်တို့မှာ အခွင့်အရေးပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်ပြီး သမ္မတပူတင်က **"နှစ်နိုင်ငံ စီးပွားရေးများ တိုးတက်လာသည်နှင့်အမျှ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ကျယ်ပြန့်လာမည်ဖြစ်ပြီး မြင့်မားသောနည်းပညာများ၊ လေကြောင်း၊ အာကာသနှင့် ဉာဏ်ရည်တုဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှုများစသည့် နယ်ပယ်သစ်များ ပေါ်ထွက်လာနိုင်ကြောင်း၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွင် အလွန်ယုံကြည် စိတ်ချရသော ဆက်ဆံရေးရှိပြီး အဆိုပါနယ်ပယ်အားလုံး ရှေ့သို့ဆက်လက် လုပ်ဆောင်သွားရန် ရည်မှန်းပါကြောင်း"** ပြောကြားခဲ့ပါသည်။

ရုရှားသမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် အလုပ်သမားနှင့် အရပ်ဘက်နျူကလီးယားစွမ်းအင် အပါအဝင် အခြားအကြောင်းအရာများကို ဆွေးနွေးကြရန် မျှော်လင့်ထားပြီး တရားဝင်ဆွေးနွေးပွဲ အပြီးတွင် နှစ်ဖက်သဘောတူမှု အများအပြားကို ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ရသည်။

Source: https://www.reuters.com/business/aerospace-defense/russias-putin-hold-summit-talks-with-indias-modi-delhi-2025-12-05/

ဒေါ်တင်ဇာကျော်
ဒုတိယညွှန်ကြားရေးမှူး
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

## ထိုင်ဝမ်အနီးတွင် 'အလွန်အန္တရာယ်ရှိသော' ဒုံးကျည် ဖြန့်ကျက်ရေး အစီအစဉ် အပေါ် တရုတ်နိုင်ငံက ဂျပန်နိုင်ငံအား သတိပေး

ထိုင်ဝမ်အနီးရှိ Yonaguni ကျွန်းပေါ်တွင် ဒုံးကျည်များ ဖြန့်ချိရန် အစီအစဉ် အပေါ် တရုတ်နိုင်ငံက ဂျပန်နိုင်ငံအား သတိပေးခဲ့ပြီး ၎င်းကို "အလွန်အန္တရာယ်ရှိသော လှုပ်ရှားမှုတစ်ခု"ဟု တရုတ်အစိုးရ၏ Global Times သတင်း တွင် ဖော်ပြခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲတွင် တရုတ်ပြည်နယ် ကောင်စီ ထိုင်ဝမ်ရေးရာ ပြောရေးဆိုခွင့်ရှိသူ Peng Qing'en က ထိုင်ဝမ်နှင့် ကပ်လျက်ရှိဒေသများတွင် ဂျပန်ဘက်မှ တိုက်ခိုက်ရေးလက်နက်များ ဖြန့်ကျက်ထားခြင်းသည် အလွန်အမင်း အန္တရာယ်ရှိသော လှုပ်ရှားမှုဖြစ်ပြီး ထိုကိစ္စရပ်သည် ဒေသတွင်းအားပြိုင်မှုနှင့် စစ်ပွဲဖြစ်ပေါ်စေရေးကို ဖန်တီးပေးနိုင်သည် ဟု ပြောကြားခဲ့ပါသည်။

The (1945) Potsdam Proclamation ကြေညာချက်တွင် ဂျပန်နိုင်ငံအား

လက်နက်အသစ် တပ်ဆင်ခြင်းကို တိတိကျကျ တားမြစ်ထားပြီး ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဦးစားပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကာကွယ်ရေးကိုသာ အဓိကဦးစားပေးသော မူဝါဒအား အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်ဟု Peng က သတင်းထောက်များကို ပြောကြားခဲ့ပါသည်။



ထိုင်ဝမ်သည် **"တရုတ်နိုင်ငံ၏ ထိုင်ဝမ်"** ဖြစ်ပြီး **"တရုတ်၏ ထိုင်ဝမ်ဒေသတွင် ပြင်ပ တပ်ဖွဲ့များ ဝင်ရောက် စွက်ဖက်ရန် မည်သည့် အခါမျှ ခွင့်ပြုလိမ့်မည် မဟုတ်ကြောင်း၊ ထို့ပြင် ဂျပန် စစ်ဝါဒ၏ ပြန်လည်ရှင်သန်လာခြင်း"** ကိုလည်း ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း Peng က ပြောကြား ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် တရုတ်နိုင်ငံက ထိုင်ဝမ်အနီး Yonaguni ကျွန်းပေါ်တွင် ဒုံးကျည်များဖြန့်ချိရန် ဂျပန်၏ အစီရင်ခံထားသော အစီအစဉ်ကိုလည်း ကန့်ကွက်ခဲ့ပြီး အဆိုပါ လုပ်ရပ်သည် မကြာမီက ပြောကြားခဲ့သော ဂျပန်ဝန်ကြီးချုပ် Sanae Takaichi ၏ မိန့်ခွန်းပါ အချက်ကြောင့် ဖြစ်ပေါ်နေပြီးသော ဒေသတွင်းတင်းမာမှုများကို ပိုမိုမြင့်တက်စေသည်ဟု ပြောကြား ခဲ့ပါသည်။

ထိုင်ဝမ်မှ ၁၁၀ ကီလိုမီတာ (၆၈.၃ မိုင်) ခန့်ကွာဝေးသော Yonaguni တောင်ဘက် ကျွန်းပေါ်တွင် ဒုံးကျည်များ ဖြန့်ချိရန်အစီအစဉ်များကို ဆက်လက် လုပ်ဆောင်မည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီး Shinjiro Koizumi က ပြောကြား ခဲ့ကြောင်း Bloomberg အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ တုံ့ပြန် မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုင်ဝမ်အပေါ် တရုတ်နိုင်ငံ၏ မည်သည့်တိုက်ခိုက်မှု မဆိုသည် ဆက်လက်ရှင်သန်နိုင်ရေးကို ခြိမ်းခြောက်သော အခြေအနေဖြစ်ပြီး ဂျပန် နိုင်ငံအနေဖြင့် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် အခွင့်အလမ်းများကို စုပေါင်း အသုံးပြုသွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး Shinjiro Koizumi က ပြောကြားခဲ့ပြီးနောက် နှစ်နိုင်ငံအကြား တင်းမာမှုများသည် ယခုလ အစောပိုင်းတွင် မြင့်တက်လာခဲ့ပါသည် ။

တရုတ်နိုင်ငံသည် အဆိုပါမှတ်ချက်ကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီး ထောင်ပေါင်းများစွာသော တရုတ်ခရီးသွားများက ဂျပန်နိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်များကို ဖျက်သိမ်းခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဂျပန်၏ ပင်လယ်အစားအစာ တင်သွင်းမှုအပေါ် တားမြစ်ချက်ကိုပြန်ဋ္ဌာန်းခဲ့ပြီး တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယား

သုံးနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးများ အစည်းအဝေးကိုလည်း ရွှေ့ဆိုင်းခဲ့သည်ဟု သိရှိရပါသည်။

Source: https://www.aa.com.tr/en/asia-pacific/china-warns-japan-over-extremely-dangerous-missile-deployment-plan-near-taiwan/3754270

ဒေါ်ဝေဝေဇင်
ဒုတိယညွှန်ကြားရေးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ရန်ကုန်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေး

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ ကုန်သည်စက်မှုအသင်းများဖြစ်ကြသော UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ LOTTEE ဟိုတယ်၌ ကျင်းပခဲ့ပါသည်။



အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့်ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့နှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV ဦးဆောင်သည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင်အသေးစား စက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီးတို့ တက်ရောက်အားပေးခဲ့ကြပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအပါအဝင် စုစုပေါင်းလူဦးရေ ၁၃၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

**အဓိကထားဆွေးနွေး**

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ် နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံအကြီးအကဲများ၏ မဟာဗျူဟာမြောက် လမ်းညွှန်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် EAEU ဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အခြေအနေများကို အဓိကထား ဆွေးနွေး ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း “Bellegprom” ဥက္ကဋ္ဌ H.E. Ms. Nade-zhda LAZAREVICH တို့က အမှာစကားများ ပြောကြားခဲ့ကြပါသည်။

**သဘောတူလက်မှတ်ရေးထိုး**

ထို့နောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက သဘောတူ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း စာချုပ် ၁၆ စောင်အား အပြန်အလှန် လဲလှယ်ခဲ့ကြပါသည်။

ထို့နောက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းနှင့် နှစ်နိုင်ငံစီးပွားရေး လုပ်ငန်း ရှင်များက ကဏ္ဍအလိုက် Powerpoint Presentation ဖြင့် ဆွေးနွေးခြင်း အစီ အစဉ်များကို ဆောင်ရွက်ခဲ့ကြပြီး စီးပွားရေးချိတ်ဆက်ဆွေးနွေးခြင်းများကို ဆောင်ရွက် ခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင် ဘဏ်နှင့်ငွေကြေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း များကို အဓိကဆွေးနွေးခဲ့ကြပါသည်။

**ဆွေးနွေးညှိနှိုင်း**

အခမ်းအနားသို့ တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တို့သည် နံနက်ပိုင်း ဖိုရမ် မစတင်မီအချိန်တွင် ဘယ်လာရုစ် နိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်လည်း သီးခြားစီတွေ့ဆုံ၍ မိမိတို့ ကဏ္ဍအလိုက် ရေ့ဆက်ဆောင်ရွက်သွားနိုင်မည့် အသေးစိတ် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ-ဘယ်လာရုစ် ပူးတွဲကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဘက်မှ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHEN-KOV တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံ အကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ရေး၊ တတိယအကြိမ် ပူးတွဲကော်မတီ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စများအတွက် ဦးတည် ဆွေးနွေးခဲ့ကြပြီး ဆက်လက်၍ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)နှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူလက်မှတ် ရေးထိုးခဲ့ကြပါသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီး H.E.Mr. Yury GORLOV နှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး ထုတ်ကုန် များနှင့် စားသောက်ကုန်များ အပြန်အလှန်ကုန်သွယ်မှု တိုးတက်ဆောင်ရွက်နိုင်ရန် အတွက် လည်းကောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ကိုလည်းကောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီး ဝလံနှင့် ကော်ဖီတို့ကို တင်ပို့နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံမှ ဒိန်ခဲနှင့် ထောပတ် တင်သွင်း နိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ တင်ပို့/တင်သွင်း ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန် အလှန် ဖလှယ်ဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

## နည်းပညာဆိုင်ရာ ကူညီပံ့ပိုး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီး H.E.Mr. Andrei KUZNETSOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အလို့ငှာ ဖွံ့ဖြိုးမှုပူးပေါင်း ဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ (Memorandum of Intent-MoI) ကို လက်မှတ်ရေးထိုးပြီးဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဆိုပါ MoI နှင့် Roadmap တို့အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အလားအလာရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် ကင်ဆာရောဂါ ကုသဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ကင်ဆာရောဂါ ကုသဆေးဝါး ထုတ်လုပ်မှု နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှုကိစ္စရပ်များကိုလည်းကောင်း၊ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း၊ MSME ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ MSME ထွက်ကုန်များ ဈေးကွက်ရရှိရေး ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

Source: https://www.moi.gov.mm/news/77529

ဒေါ် ထက်ထက်လွင်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## မြန်မာနိုင်ငံ၏ လာမည့်ရွေးကောက်ပွဲအား တိုးတက်မှုအဖြစ် သတ်မှတ်၍ မြန်မာနိုင်ငံသားများအတွက် ယာယီနေထိုင်ခွင့်ကို အမေရိကန်ပြည်ထောင်စုကရပ်ဆိုင်း

စစ်ဘေးသင့်ဒေသများသို့ ဘေးကင်းစွာပြန်လာနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပမည့် အစီအစဉ်များသည် တိုးတက်လာသည့် အခြေအနေတစ်ရပ်အဖြစ် သတ်မှတ်၍ အမေရိကန်ပြည်ထောင်စုရှိ မြန်မာနိုင်ငံသားများအတွက် တရားဝင်ယာယီနေထိုင်ခွင့်ကို ရပ်ဆိုင်းကြောင်း အမေရိကန်အစိုးရက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

ပြည်တွင်းလုံခြုံရေးအတွင်းရေးမှူး Ms.Kristi Noem သည် မြန်မာနိုင်ငံအတွက် ယာယီကာကွယ်ပေးမှု အခြေအနေ (Temporary Protected Status -

TPS) အား သတ်မှတ်ရန် မလိုအပ်တော့ကြောင်း အမေရိကန်အစိုးရ အေဂျင်စီများနှင့် အပြီးသတ်ဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။




မြန်မာနိုင်ငံ၏ ပြည်တွင်းအခြေအနေသည် မြန်မာနိုင်ငံသားများအတွက် နေရပ်ပြန်ရန် လုံခြုံစိတ်ချရသည့် အခြေအနေသို့ တိုးတက်လာပြီဖြစ်သည့်အတွက် ယာယီကာကွယ်ပေးမှု အခြေအနေကို ရပ်ဆိုင်းလိုက်ကြောင်း၊ အရေးပေါ် အခြေအနေပြီးဆုံးရေး၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အစီအစဉ်များ၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအောင်မြင်ရေးနှင့် တိုးမြှင့်ဆောင်ရွက် ထားသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းနှင့် အမျိုးသား ပြန်လည်သင့်မြတ် ရေးတို့ကို အထောက်အကူပြုစေသည့် အစိုးရအုပ်ချုပ်မှုမြှင့်တင်ရေးအပါအဝင် အုပ်ချုပ်ရေးနှင့် တျည်ငြိမ်ရေးတို့တွင် သိသိသာသာ တိုးတက်မှုများ ရှိလာကြောင်းပြောကြားခဲ့ပါသည်။

ပြည်တွင်းလုံခြုံရေးဌာနမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုများတွင်ပါဝင်ခဲ့သည့် မြန်မာ့တပ်မတော်အစိုးရအား ချီးကျူးဂုဏ်ပြုခဲ့ပြီး တရုတ်နိုင်ငံသည် စေ့စပ်ညှိနှိုင်းရေး အခန်းကဏ္ဍတွင် ပါဝင်နေပြီး ယခင်ငြိမ်းချမ်းရေး ကြိုးပမ်းမှုများနှင့် နှိုင်းယှဉ်ကာ ကောင်းမွန်ကြောင်း ပြောကြားခဲ့ပါသည်။

Source: https://elevenmyanmar.com/news/us-ends-temporary-status-for-myanmar-nationals-cites-upcoming-elections-as-progress

ဒေါ် စိုးမြတ်သန္တာ
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## သမ္မတထရမ့်၏ သပိတ်မှောက်မှုကြောင့် တောင်အာဖရိကတွင် ကျင်းပခဲ့သည့် G20 ထိပ်သီးအစည်းအဝေးတွင် အမေရိကန်နိုင်ငံမပါဝင်ဘဲ အဆုံးသတ်ခဲ့

ထိပ်တန်းဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများမှခေါင်းဆောင်များပါဝင်သည့် G 20 ၏ နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးကို Trump အစိုးရက သပိတ်မှောက်ပြီးနောက် နောက်တစ်ကြိမ် အစည်းအဝေးကို ဦးဆောင်မည့် အမေရိကန်ပြည်ထောင်စု မပါဝင်ဘဲ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၌ တောင်အာဖရိကနိုင်ငံတွင် ကျင်းပပြီးစီးခဲ့ပါသည်။



တောင်အာဖရိကသမ္မတ Cyril Ramaphosa သည် G20 ထုံးတမ်းစဉ်လာအရ တရားသူကြီးတစ်ဦး စီရင်ချက်ချသကဲ့သို့ (သစ်သားတုံး တစ်တုံးပေါ်တွင် သစ်သားတူနှင့်ရိုက်ခြင်းဖြင့်) ဂျိုဟန်နက်စ်ဘာ့ဂ်မြို့၌ ထိပ်သီးအစည်းအဝေးကို ပိတ်ခဲ့ကြောင်းကြေညာခဲ့ပါသည်။ အဆိုပါ ထုံးတမ်းစဉ်လာအရ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆက်လက်ကျင်းပမည့်နိုင်ငံခေါင်းဆောင်ထံ လွှဲပြောင်းပေးအပ်ရမည်ဖြစ်သော်လည်း အမေရိကန်နိုင်ငံမှ အဆိုပါ ဥက္ကဋ္ဌတာဝန်လွှဲပြောင်းမှုကို လက်ခံရန် အရာရှိတစ်ဦးမျှ ပါဝင်တက်ရောက်ခဲ့ခြင်း မရှိကြောင်း သိရှိရပါသည်။

တောင်အာဖရိကသည် ၎င်း၏ Afrikaner လူဖြူလူနည်းစုကို ရက်စက်စွာနှိပ်စက်နေသည်ဟု သမ္မတ Donald Trump ၏ ယူဆချက်ကြောင့် ထိပ်တန်းဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများ စုစည်းပါဝင်သည့် အဆိုပါ ထိပ်သီးအစည်းအဝေးကို ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံက သပိတ်မှောက်ခဲ့ခြင်းဖြစ်ပါသည်။

အိမ်ဖြူတော်၏ နောက်ဆုံးမိနစ် ဆုံးဖြတ်ချက်အရ တောင်အာဖရိကရှိ အမေရိကန်သံရုံးမှ အရာရှိတစ်ဦးအား G20 ဥက္ကဋ္ဌ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင် တောင်အာဖရိကသမ္မတ ရာမာဖိုဆာအနေဖြင့် အမေရိကန်အငယ်တန်း သံရုံးအရာရှိထံ လွှဲပြောင်းခြင်းသည် စော်ကားမှုဖြစ်ကြောင်း ပြော၍ငြင်းဆိုခဲ့ပါသည်။ နောက်ဆုံးတွင် ထိပ်သီးဆွေးနွေးပွဲအတွက် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား

အသိအမှတ်မပြုခဲ့ကြောင်း တောင်အာဖရိကနိုင်ငံခြားရေးဌာနက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://edition.cnn.com/2025/11/23/africa/g20-south-africa-ends-trump-boycott-intl

ဦးထွန်းပြည့်စုံအောင်
ဒုတိယဦးစီးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## မြေရှားသတ္တုသန့်စင်စက်ရုံတစ်ခု တည်ဆောက်ရန် အမေရိကန်နှင့် ဆော်ဒီတို့ လက်မှတ်ရေးထိုး

ဆော်ဒီအာရေးဗျနိုင်ငံတွင် မြေရှားသတ္တုသန့်စင်စက်ရုံတစ်ခုတည်ဆောက်ရန်အတွက် ရှားပါးသတ္တုကုမ္ပဏီ MP Materials သည် အမေရိကန်စစ်တပ်၊ ဆော်ဒီအာရေးဗျ၏ အဓိကသတ္တုတွင်းကုမ္ပဏီတို့နှင့် ပူးပေါင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလှုပ်ရှားမှုသည် ကမ္ဘာလုံးဆိုင်ရာ အရေးပါသော သတ္တုထောက်ပံ့ရေး ကွင်းဆက်ကို ကွဲပြားမှုများရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဆော်ဒီအာရေးဗျ သတ္တုတူးဖော်ရေး ကုမ္ပဏီ (Maaden)နှင့် အမေရိကန် စစ်ဌာနချုပ် ပင်တဂွန်တို့သည် အမေရိကန်နှင့် ဆော်ဒီအာရေးဗျတို့၏ ထုတ်လုပ်ရေးနှင့် ကာကွယ်ရေးကဏ္ဍများကို ထောက်ပံ့ရန်အတွက် ဆော်ဒီအာရေးဗျနှင့် ကမ္ဘာတစ်ဝန်းရှိ အခြားဒေသများမှ ရှားပါးမြေထွက်သတ္တုပစ္စည်းများကို စီမံဆောင်ရွက်ရန် ပူးတွဲလုပ်ငန်းတစ်ခုကို ဖန်တီးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆော်ဒီအာရေးဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆော်လ်မန်သည် အမေရိကန်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် အချိန်အတွင်း အရေးပါသော သတ္တုတွင်းထောက်ပံ့ရေးကွင်းဆက်များကို ကွဲပြားစေရန်နှင့်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမို နက်ရှိုင်းလာစေရန် အရေးကြီးသော သတ္တုမူဘောင်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ MP Materials ကုမ္ပဏီက ဆော်ဒီအာရေးဗျ၌ ရှားပါးသတ္တုသန့်စင်စက်ရုံတစ်ခု တည်ဆောက်ရန် ပူးတွဲလုပ်ငန်းတစ်ခု ဖွဲ့စည်းခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ရှားပါးသတ္တု ထောက်ပံ့ရေးကွင်းဆက်ကို ပြန်လည်ဟန်ချက်ညီစေရန် အဓိကခြေလှမ်းတစ်ခုဖြစ်ပြီး အမေရိကန် စီးပွားရေး၊

အမျိုးသားလုံခြုံရေး စီးပွားရေးများနှင့် ကိုက်ညီကြောင်းပြောဆိုခဲ့သည်ဟု သိရှိရပါသည်။

အဆိုပါ ပူးတွဲလုပ်ငန်းသည် ရှားပါးသတ္တုပစ္စည်းများအတွက် တည်ငြိမ်၍ လုံခြုံသော ထောက်ပံ့ရေးကွင်းဆက်ကို မြှင့်တင်ရန်အတွက် ဆော်ဒီအာရေးဗျ၏ ယှဉ်ပြိုင်နိုင်သော စွမ်းအင်အခြေခံ၊ ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံ၊ မဟာဗျူဟာမြောက် တည်နေရာနှင့် အသုံးမချရသေးသော ရှားပါးသတ္တု အရင်းအမြစ်များကို အသုံးချသွားမည်ဖြစ်ကြောင်း MP Mat-erials ကုမ္ပဏီက ထုတ်ပြန်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://npnewsmm.com/news/68ff365d50cd287e4e776b91

ဒေါ်ထက်ထက်ကျော်
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ဂျီ-၂၀အဖွဲ့ဝင်နိုင်ငံများသည် ဂျပန်-တရုတ် တင်းမာမှုဖြစ်ပွားနေစဉ် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများကို အတူဖြေရှင်းရန် ကတိပြု

ဂျပန်နှင့် တရုတ်နိုင်ငံတို့သည်ထိုင်ဝမ်အရေးနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိနေဆဲဖြစ်သော်လည်း ဂျီ-၂၀ (G20) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့ဝင်အားလုံးပါဝင်သော တာဝန်ယူမှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို ရှေ့ရှုဆောင်ရွက်ရန် အရေးကြီးကြောင်း အတည်ပြုခဲ့ သည်ဟု အမေရိကန်သမ္မတ




ဒေါ်နယ်လ်ထရမ့် တက်ရောက်ခြင်း မရှိခဲ့သော ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့က တောင်အာဖရိကတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် G20 နိုင်ငံများ၏ ထိပ်သီးအစည်းအဝေး ပြီးဆုံးပြီးနောက် ဝန်ကြီးချုပ် ဆနအဲတာကိုင်းချိမှ ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

G20 တွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်တက်ရောက်သူဂျပန်ဝန်ကြီးချုပ်သည် တရုတ်ဝန်ကြီးချုပ်လီချန် အပါအဝင် အခြားသောခေါင်းဆောင်များနှင့် ပူးပေါင်းကာ

ထရမ့်၏ အဖွဲ့ဝင်နိုင်ငံများကို ထိခိုက်စေသော အခွန်စည်းကြပ်မှုများမှစ၍ ရာသီဥတု ပြောင်းလဲမှုနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ စွန့်စားရမှုများအထိ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေး ဆွေးနွေးမှုများတွင် ပါဝင်ခဲ့ပါသည်။ သို့သော်လည်း ဂျပန် ဝန်ကြီးချုပ်၏ ထိုင်ဝမ်နိုင်ငံနှင့် ပတ်သက်သောမှတ်ချက်များကြောင့် တရုတ် နိုင်ငံဘက်မှ ပြင်းထန်သော တုံ့ပြန်မှုများ ထွက်ပေါ်လာခဲ့ပြီး၊ တရုတ်-အမေရိကန် ပြိုင်ဆိုင်မှုမှ မကြာသေးမီကရရှိခဲ့သော နှစ်နိုင်ငံဆက်ဆံရေးပြေလည်မှုကို ရပ်တန့် သွားစေခဲ့ပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှား သမ္မတဗလာဒီမာပူတင်တို့သည် ဂျိုဟန်နက်စ်ဘတ်တွင် ကျင်းပခဲ့သည့် G20 ထိပ်သီး အစည်းအဝေးသို့ မတက်ရောက်ခဲ့ကြသော်လည်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် အာဏာရလာသော ထိုင်ဝမ်ကို ထောက်ခံသူ ဂျပန်ဝန်ကြီးချုပ် တာကိုင်းချိသည် စည်းမျဉ်းအခြေခံသော နိုင်ငံတကာစနစ် လိုအပ်ကြောင်းကို အလေးပေးပြောကြားခဲ့ပါသည်။

ဂျပန်ဝန်ကြီးချုပ်သည် ဂျပန်နိုင်ငံအနေဖြင့်လာမည့်နှစ်တွင် G20 အလှည့်ကျ ဥက္ကဋ္ဌဖြစ်လာမည့် အမေရိကန်နိုင်ငံအပါအဝင် G20 အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုက် အဝန်းတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုအမျိုးမျိုးကို ဖြေရှင်းရာတွင် တက်ကြွစွာ ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ထိပ်သီးအစည်းအဝေးအပြီးတွင် ပြောကြားခဲ့ ပါသည်။

နှစ်ရက်ကြာ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေး၏ ပထမနေ့တွင် G20 အဖွဲ့ဝင်နိုင်ငံများက ခေါင်းဆောင်များ၏ ကြေညာချက်ကို အတည်ပြုနိုင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် အာရှအင်အားကြီး နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုသည် ကမ္ဘာလုံးဆိုင်ရာအဆင့်သို့ ပျံ့နှံ့နိုင်သည့် လက္ခဏာများပြသနေပြီး တရုတ် နိုင်ငံသည် ဝန်ကြီးချုပ်တာကိုင်းချိကို ဘေးကြပ်နံကြပ် အခြေအနေထဲသို့ ရောက်ရှိ စေရန် ဖွံ့ဖြိုးဆဲနိုင်ငံများဖြင့် ပူးပေါင်းထားသော အင်အားစုတစ်ရပ်ကို ဖွဲ့စည်းရန် ကြိုးပမ်းလျက်ရှိပါသည်။

တရုတ်နိုင်ငံသည် သမ္မတထရမ့်မှ အလေးမထားခဲ့သော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းကိုလည်း အသုံးပြုရန် ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံသံအမတ်ကြီးက ဝန်ကြီးချုပ် တာကိုင်းချိ၏ ထိုင်ဝမ်နှင့်ပတ်သက်သော မှတ်ချက်များကို ပြန်လည်ရုပ်သိမ်းပေးရန်

တောင်းဆိုသည့် စာတစ်စောင်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ထံ ပေးပို့ခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဝန်ကြီးချုပ်တာကိုင်းချိက တရုတ်၏ စစ်ရေးအင်အားသုံးမှုပါဝင်သော ထိုင်ဝမ် အရေးပေါ်အခြေအနေသည် ဂျပန်နိုင်ငံအတွက် ရှင်သန်ရေးကိုပါ ခြိမ်းခြောက်သည့်အခြေအနေ ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုသို့ဖြစ်လာပါက ဂျပန်နိုင်ငံသည် အမေရိကန်ကို ထောက်ပံ့ရန်အတွက် အဖွဲ့အစည်းအလိုက် ခုခံကာကွယ်ပိုင်ခွင့်ကို ကျင့်သုံးခွင့် ရရှိသွားနိုင်ပါသည်။

Source: https://english.kyodonews.net/articles/-/65498

ဒေါ် ဆုရွှန်းလဲ့ခင်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## တရုတ်နိုင်ငံ၏ စီးပွားရေးစီမံကိန်းအသစ်နှင့်အညီ ကုန်သွယ်နိုင်ရန် ထိုင်းအစိုးရ ပြင်ဆင်



Bangkok Post - New Chinese economic plan prompts Thai trade rethink

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Suphajee Suthumpun သည် တရုတ်၏ စီးပွားရေးဖွံ့ဖြိုးမှု အစီအစဉ်နှင့် လိုက်လျောညီထွေရှိစေရန်နှင့် ပို့ကုန်များ တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံရှိထိုင်းကုန်သွယ်ရေးရုံးများအား ၎င်းတို့၏ စီးပွားရေးမဟာဗျူဟာများကို ပြန်လည်ဆန်းစစ်ချိန်ညှိရန် ညွှန်ကြားထားကြောင်း သိရှိရပါသည်။

အဆိုပါ စီးပွားရေးမဟာဗျူဟာများသည် တရုတ် နိုင်ငံတကာသွင်းကုန်ပြပွဲ (၂၀၂၅) အခမ်းအနားတွင် တရုတ်ဝန်ကြီးချုပ် Li Qiang မှ ကြေညာထားခဲ့သော တရုတ်နိုင်ငံ၏ ၁၅ ကြိမ်မြောက် အမျိုးသားစီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း ဝန်ကြီး Mrs Suphajee Suthumpun က ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ တရုတ်အစိုးရသည် အစိမ်းရောင်စီးပွားရေး၊ ဆန်းသစ်တီထွင်မှုနှင့်နည်းပညာကို အားပေးမြှင့်တင်ခြင်းတို့အပြင် အလယ်အလတ်အဆင့် လူတန်းစား၏ ဝင်ငွေကိုလည်း မြှင့်တင်ရန် ဦးတည်လျက်ရှိပါသည်။

ထိုင်းနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၊ လူသုံးနှင့်စားသောက်ကုန်များ၊ တိရစ္ဆာန် အစားအစာများ၊ ကျန်းမာရေး အစားအစာများ၊ ဂိမ်းများနှင့် ဒီဂျစ်တယ် ထုတ်ကုန်များကဲ့သို့ တရုတ်ဈေးကွက်သို့ ဝန်ဆောင်မှုပေးနိုင်သည့် သီးခြားကဏ္ဍများကို ဖော်ထုတ်ရန်အတွက် အဆိုပါ ၅ နှစ်တာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို ဆန်းစစ်လေ့လာရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အလယ်အလတ်တန်းစား လူဦးရေကို သန်း ၄၀၀ မှ သန်း ၈၀၀ သို့ နှစ်ဆတိုးရန် ရည်မှန်းထားခြင်းသည် ထိုင်းနိုင်ငံအတွက် ကြီးမားသောဈေးကွက်အခွင့်အလမ်းဖြစ်နိုင်သောကြောင့် ၎င်းအစီအစဉ်ကို ဆန်းစစ်လေ့လာခြင်းသည် အလွန်အရေးပါကြောင်း Mrs Suphajee က ပြောကြားခဲ့ပါသည်။

တရုတ်စားသုံးသူများသည် ယခုအခါ ဈေးနှုန်းချိုသာမှုထက် တီထွင်ဆန်းသစ်မှု၊ အရည်အသွေးနှင့် ရေရှည်တည်တံ့နိုင်မှုကို ပိုမိုအလေးထားလာကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံဆိုင်ရာ စီးပွားရေးသံမှူးများအနေဖြင့် တရုတ်နိုင်ငံရှိ ပြည်နယ်အသီးသီး၏ ထူးခြားသော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို အကဲဖြတ်ကာ ထိရောက်သော ဈေးကွက်ဝင်ရောက်မှုဗျူဟာများ ရေးဆွဲသင့်ကြောင်း Mrs Suphajeeက ဖြည့်စွက်ပြောကြားခဲ့ပါသည်။ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် တွေ့ဆုံသည့် အစည်းအဝေးအတွင်း တရုတ်နိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးသံမှူးများသည် ထိုင်းပို့ကုန်များအတွက် ဒေသဆိုင်ရာ ကုန်သွယ်ရေးအခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် ရည်မှန်းထားသည့် ထုတ်ကုန်အမျိုးအစားများကို အဓိက အုပ်စုငါးခုဖြင့် တင်ပြခဲ့ကြပါသည်။

ပထမအုပ်စုတွင် စိုက်ပျိုးရေးနှင့် အစားအသောက်ထုတ်ကုန်များဖြစ်သည့် ဆန်၊ ဒူးရင်း၊ သရက်၊ မင်းဂွတ်သီးစသည့် အပူပိုင်းဒေသထွက် သစ်သီးဝလံများနှင့် ပြုပြင်ထားသော အစားအစာများ၊ အသင့်စား အစားအစာများနှင့် ဟင်းခတ်အမွှေးအကြိုင်များပါဝင်ကြောင်း၊ ဒုတိယအုပ်စုတွင် တရုတ်နိုင်ငံ၏ မြို့ပြ အိမ်မွေးတိရစ္ဆာန်ယဉ်ကျေးမှု တိုးတက်လာသည့်အတွက် အိမ်မွေးတိရစ္ဆာန်အစာနှင့် အိမ်မွေးတိရစ္ဆာန်စောင့်ရှောက်မှု ပစ္စည်းများကဲ့သို့ အိမ်မွေးတိရစ္ဆာန်ဆိုင်ရာ ထုတ်ကုန်များပါဝင်ကြောင်း၊ တတိယအုပ်စုတွင် ကျန်းမာရေးဝန်ဆောင်မှု၊ ချွေးထုတ်အနှိပ်ခန်းသုံးပစ္စည်းများ၊ အုန်းရည်၊ အပင်မှထုတ်ယူရရှိသည့် ပရိုတင်းထုတ်ကုန်၊ ငှက်သိုက်ထုတ်ကုန်စသည့် ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ကုန်စည်များပါဝင်ကြောင်း စီးပွားရေးသံမှူးများက ဖော်ထုတ်တင်ပြခဲ့ကြပါသည်။

အခြားသော ဈေးကွက်ဝင်နိုင်သည့် ထုတ်ကုန်အမျိုးအစားမှာ ဂေဟစနစ်နှင့်

လိုက်လျောညီထွေရှိ၍ ရေရှည်တည်တံ့နိုင်သော ထုတ်ကုန်များဖြစ်ပြီး ဇီဝဗေဒနည်းဖြင့် သဘာဝပြိုကွဲပျက်စီးနိုင်သော ထုပ်ပိုးမှုပစ္စည်းများ၊ အော်ဂဲနစ် အလှကုန်ပစ္စည်းများ၊ ပြန်လည်ပြုပြင်ထားသော အဝတ်အစားများ၊ သဘာဝအိမ်တွင်းအလှဆင်ပစ္စည်းများနှင့် ဂေဟအကျိုးပြု ခရီးသွားလုပ်ငန်းတို့ ပါဝင်ကြောင်း၊ နောက်ဆုံးအုပ်စုတွင် ဉာဏဆိုင်ရာ မူပိုင်ခွင့်ထုတ်ကုန်များ၊ ရုပ်ရှင်များ၊ ဂိမ်းများနှင့် ကာတွန်းများကဲ့သို့ နည်းပညာဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်အကြောင်းအရာများ ပါဝင်ကြောင်းသိရှိရပါသည်။

ဝန်ကြီး Mrs Suphajee သည် ထိုင်းအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက တရုတ်နိုင်ငံ၌ စီစဉ်ကျင်းပသည့် ထိုင်း-တရုတ် သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့် အထိမ်းအမှတ် ကွန်ရက်ချိတ်ဆက်ပွဲသို့ ဥက္ကဋ္ဌအဖြစ်တက်ရောက်ခဲ့ပါသည်။ ၎င်းတွေ့ဆုံပွဲကို တရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲ (၂၀၂၅) အခမ်းအနားတွင် ပါဝင်တက်ရောက်ခဲ့သည့် ထိုင်းလုပ်ငန်းရှင်များနှင့် တရုတ်ဝယ်လက်များ၊ တရုတ်သွင်းကုန်လုပ်ငန်းရှင်များအကြား စီးပွားရေးအခွင့်အလမ်းများမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်းသိရှိရပါသည်။

Source: https://www.doca.gov.mm/en/node/57675

ဒေါ်စန်းစန်းမာ<br>
ဦးစီးအရာရှိ<br>
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ<br>
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## အမေရိကန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုကို မကြာခင်အချိန်အတွင်း ရယူနိုင်ရန် အိန္ဒိယမျှော်လင့်နေ




ယခုနှစ်မကုန်ခင်တွင် အမေရိကန်နှင့် ကုန်သွယ်ရေးသဘော တူညီချက်တစ်ခုကို ရယူနိုင်ရန် အိန္ဒိယအစိုးရက မျှော်လင့်နေကြောင်း၊ ပြဿနာအများစုကို ဖြေရှင်းပြီးဖြစ်သောကြောင့် အမေရိကန်နှင့်ကုန်သွယ်ရေးသဘောတူညီချက် တစ်ခုကို မကြာခင်အချိန်အတွင်း ရယူနိုင်ရန် မျှော်လင့်ထားကြောင်း အိန္ဒိယကုန်သွယ်ရေးဝန်ကြီး Rajesh Agrawal က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် ဩဂုတ်လနှောင်းပိုင်းမှစ၍ အိန္ဒိယ၏ တင်သွင်းကုန်များအပေါ် အခွန် (၅၀) ရာခိုင်နှုန်း ကောက်ခံမှုကို အမေရိကန်အစိုးရက စတင်ခဲ့ပြီးနောက် အိန္ဒိယနှင့် အမေရိကန်တို့ကြား ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများစွာကို လုပ်ဆောင်ခဲ့ကြောင်းလည်း သိရပါသည်။ ရုရှားဘက်မှ အိန္ဒိယ၏ ရေနံဝယ်ယူမှုကို လျှော့ချစေရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမေရိကန်က အိန္ဒိယ၏ တင်သွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုများကို တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

Rajesh Agrawal က ပထမဆုံးလိုအပ်နေသည်မှာ အပြန်အလှန် အခွန်များကို ဖြေရှင်းနိုင်မည့် မူဘောင်ကုန်သွယ်ရေး သဘောတူညီချက် တစ်ခုသာဖြစ်ကြောင်း၊ ပြဿနာအများစုကို ဖြေရှင်းပြီးဖြစ်သောကြောင့် အမေရိကန်နှင့် ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုကို မကြာခင်အချိန်အတွင်း ရယူနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Source: https://npnewsmm.com/news/692bfdd3edcf06180b35c6e9

ဦးလှမိုးသူ<br>
ဒုတိယဦးစီးမှူး<br>
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ<br>
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## နောက်လတွင် ဗဟိုအာရှ ၅ နိုင်ငံနှင့် ပထမဆုံး ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဂျပန်စီစဉ်နေ

ဂျပန်အစိုးရသည် ဗဟိုအာရှ ၅ နိုင်ငံနှင့် ပထမဆုံး ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်နေပြီး အဆိုပါ ထိပ်သီးဆွေးနွေးပွဲကို အစောဆုံး ဒီဇင်ဘာလလယ်တွင် Tokyo မြို့၌ ကျင်းပနိုင်ရန် မျှော်လင့်ရပါသည်။



ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် ဥဇဘက် ကစ္စတန် နိုင်ငံများသည် ဂျပန်နိုင်ငံနှင့် ဝန်ကြီးအဆင့် ဆွေးနွေးပွဲများကို နှစ်ပေါင်း ၂၀ ကျော်ကြာပြုလုပ်လာခဲ့ပါသည်။ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ကာဇက်စတန်၌ ကျင်းပရန်စီစဉ်ထားခဲ့သော်လည်း ဂျပန်နိုင်ငံတွင် ကြီးမားသည့် ငလျင်ကြီးဖြစ်နိုင်ခြေနှင့် ပတ်သက်သော

အကြံပြုချက်ကို ထုတ်ပြန်ခဲ့သည့်အတွက် အစည်းအဝေးကျင်းပခါနီးမှ ရွှေ့ဆိုင်းခဲ့ရပါသည်။

ဗဟိုအာရှ ၅ နိုင်ငံသည် ယခင်က ဆိုဗီယက်ပြည်ထောင်စုဝင်များ ဖြစ်သည့်အတွက် ရုရှားနှင့် နီးကပ်သော ဆက်ဆံရေးရှိပြီး တရုတ်နိုင်ငံမှလည်း ၎င်းတို့နှင့် ထိတွေ့ဆက်ဆံမှုကို အရှိန်မြှင့်နေပါသည်။ ဂျပန်ဝန်ကြီးချုပ် Takaichi Sanae သည် ထိပ်သီးဆွေးနွေးပွဲကို သယံဇာတကြွယ်ဝသော နိုင်ငံများနှင့် ဆက်ဆံရေး နက်ရှိုင်းလာစေရေး၊ စီးပွားရေးဆိုင်ရာလုံခြုံမှု အားကောင်းလာစေရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုလျှော့ချရေး နည်းပညာနှင့် အခြေခံအဆောက်အအုံ တည်ဆောက်မှုကဲ့သို့ ကျယ်ပြန့်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် အခွင့်အလမ်းတစ်ခုဖြစ်စေရန် မျှော်လင့်နေကြောင်း သိရှိရပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20251127_09/


ဦးသူရိန်ကိုကို
ဒုတိယဦးစီးမှူး
အာရှနှင့် အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## G20 နိုင်ငံများ၌ အကောက်ခွန်အသစ်များနှင့်အတူ ကုန်သွယ်မှုတိုးမြှင့်ရေး နည်းလမ်းများ တိုးလာကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အစီရင်ခံစာကတွေ့ရှိ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော G20 နိုင်ငံများ၏ ကုန်သွယ်မှုနည်းလမ်းများ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလလယ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလလယ်အတွင်း အကောက်ခွန်နှုန်းများ တိုးမြှင့်ခဲ့မှုသည် ပြီးခဲ့သည့်နှစ် ကာလတူထက် ၄ ဆ ပိုမိုမြင့်မားခဲ့ပြီး ကုန်သွယ်မှု စောင့်ကြည့်ခဲ့သမျှ အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ကုန်သွယ်မှု ပိုမိုချောမွေ့စေရန်လည်း ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုတန်ဖိုး ၂ ဆ တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလလယ်မှ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလလယ်အတွင်း G20 နိုင်ငံများ၏ အကောက်ခွန်နှင့် အခြားကုန်သွယ်မှု အစီအမံများကြောင့် သွင်းကုန်စုစုပေါင်း၏ ၁၄.၃ % (တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၉၉ ဘီလီယံခန့်) ထိခိုက်ခဲ့ရပြီး ပြီးခဲ့သည့်နှစ် ကာလတူ၏ သွင်းကုန်တန်ဖိုး အမေရိကန်

Chart 3.5 Trade coverage of new other trade and trade-related measures affecting imports identified in each period (not cumulative) in USD billion, May 2012 to November 2025




ဒေါ်လာ ၅၉၉ ဘီလီယံထက် လေးဆကျော် ပိုများ ကြောင်း၊ ပို့ကုန်ဆိုင်ရာ အစီအမံ ၁၈၅ ခုကြောင့် ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၀၀ ဘီလီယံ ခန့်ထိခိုက်ခဲ့ကာ ပြီးခဲ့သည့်နှစ် ကာလတူ၏ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၂၉ ဘီလီယံ ထက်သာလွန်ကြောင်း၊ အဆိုပါ ကာလအတွင်း ကုန်သွယ်မှု လွယ်ကူချောမွေ့ စေရေး အစီအမံအသစ် ၁၈၄ ခုကို မိတ်ဆက်ခဲ့ခြင်း၊ တန်ပြန် အကောက်ခွန် ကောက်ခံခြင်းထက် ညှိနှိုင်းဆွေးနွေးခြင်း၊ ကုန်သွယ်မှု အတားအဆီးများအား လျှော့ချခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလျင်မြန် ချောမွေ့စေရေး နည်းလမ်းများကြောင့် ပြီးခဲ့သည့်နှစ် ကုန်သွယ်မှု ပမာဏ ၁၀၇၀ ဘီလီယံထက် ၂ ဆပို၍ အမေရိကန်ဒေါ်လာ ၂,၀၅၅ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ကြောင်း ဖော်ပြ ထားပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Ngozi Okonjo-Iweala က ကမ္ဘာ့ကုန်သွယ်ရေးသည် နှစ်ပေါင်း ၈၀ အတွင်း အဆိုးရွားဆုံး အနှောင့်အယှက်များ ကြုံတွေ့ရသော်လည်း အဖွဲ့ဝင်နိုင်ငံအများစုက ကုန်သွယ်မှုကို ပုံမှန်အတိုင်း ဆက်လက်လုပ်ဆောင်နေသဖြင့် ကြံ့ကြံ့ခံနေကြောင်း၊ ယခုအစီရင်ခံစာသည် မြေပြင်အခြေအနေများကို ဖော်ပြနေကြောင်း၊ ကုန်သွယ်မှုတွင် အကာအကွယ် ပေးမှုများက ကမ္ဘာ့ကုန်သွယ်မှုဝေစုအများစုကို ထိခိုက်စေပြီး ကုန်သွယ်မှု ကုန်ကျ စရိတ်များ လျော့ချရန် အဖွဲ့ဝင်နိုင်ငံအချို့၏ ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး နည်းလမ်းများကိုလည်း တွေ့ရှိရကြောင်း၊ တန်ပြန်အကောက်ခွန်ထက် ညှိနှိုင်း ဆွေးနွေးနေကြခြင်းကို ကြိုဆိုကြောင်း၊ ယခုအခြေအနေမှ ပိုမိုခိုင်မာသော ကုန်သွယ်မှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

G20 နိုင်ငံများ၏ စီးပွားရေးကို ပြန်လည်သုံးသပ်သည့် ကာလအတွင်း ပျမ်းမျှအားဖြင့် တစ်လလျှင် ကုန်သွယ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု ၂၈.၅ ခု၊ ကုန်သွယ်မှု ကုစားခြင်းအား အဆုံးသတ်မှု ၉.၃ ခု ရှိကြောင်း၊ ကုန်သွယ်မှုကုစားခြင်းတွင် စုပုံ တင်သွင်းမှုအား တန်ပြန်ခြင်းနည်းလမ်းသည် အများဆုံးဖြစ်ကြောင်း၊ ဝန်ဆောင်မှု ကုန်သွယ်ရေးတွင် အစီအမံအသစ် ၅၂ ခု ချမှတ်ကျင့်သုံးခဲ့ပြီး ၎င်းအနက် ၃ ပုံ ၂ ပုံကျော်သည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် ဖြစ်ကြောင်း၊ ခန့်မှန်းခြေအားဖြင့်

အစီအမံအသစ်များ၏ ၄၃ % မှာ ပြည်ပ၌ စီးပွားရေးလုပ်ငန်းများဖွင့်လှစ်ခြင်း (Mode 3)နှင့် ပညာရှင်များ လာရောက်လုပ်ကိုင်ခြင်း (Mode 4) ဝန်ဆောင်မှုများတွင် အဓိက ထိခိုက်စေကြောင်း၊ အင်တာနက်နှင့် ဆက်သွယ်ရေး ဝန်ဆောင်မှု အပါအဝင် အခြားကွန်ရက်ဖွင့်နိုင်သော ဝန်ဆောင်မှုများလည်း ထိခိုက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

G20 သည် သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်နှင့် စိုက်ပျိုးရေးကဲ့သို့သော အဓိကကဏ္ဍများတွင် ယေဘုယျနှင့် စီးပွားရေးဆိုင်ရာ အကူအညီ၊ အစီအမံအများ အပြားကို ချမှတ်ခဲ့ပြီး ငွေကြေးမဟုတ်သော နည်းလမ်းများနှင့် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ မူဝါဒရည်မှန်းချက်များသို့ ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ G20 နှင့် စပ်လျဉ်းသည့် ကုန်သွယ်မှုပြဿနာများကို ကော်မတီများနှင့် ဘာသာရပ်အလိုက် အစည်းအဝေးများတွင် ဆွေးနွေးခဲ့ကြကြောင်း၊ ကော်မတီများသည်နိုင်ငံများအကြား ကုန်သွယ်မှုပြဿနာများ ဖြေရှင်းရန် အကောင်းဆုံး ပလက်ဖောင်းများ ဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြထားပါသည်။

G20 ဝန်ကြီးများ၏ တောင်းဆိုချက်အရ ကုန်သွယ်မှုစောင့်ကြည့်ရေး အစီရင်ခံစာများကို ၂၀၀၉ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (WTO)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) နှင့် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ (UNCTAD) တို့က G20 ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နည်းလမ်းများကို စောင့်ကြည့် အစီရင်ခံခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source: https://commerce.gov.mm/my/article/update-news-international-trade/32746

ဦးအောင်မြင့်သန့်
ဒုတိယဦးစီးမှူး
အာရှနှင့် အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## လာမည့်ဘဏ္ဍာနှစ်တွင် နေကြာဧက ၆ သိန်းခွဲကျော် တိုးချဲ့စိုက်ပျိုးမည်

နေကြာသီးနှံကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧက ၆ သိန်းခွဲကျော် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပြည်ပတင်ပို့မှုနည်းပြီး ဆီထွက်ရှိမှု မြင့်မားသည့် နေကြာသီးနှံကို လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၆၅၉၃၇၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားချက် ရေးဆွဲထားကြောင်းသိရှိရပါသည်။ အစေ့အဆန်ကို ပြည်ပတင်ပို့မှု နည်းပါးပြီး တစ်တင်းဆီထွက်ရှိမှု မြင့်မားသည့် ကျန်းမာရေးအတွက် သင့်တော်သည့် စားသုံးဆီကို ထုတ်လုပ်ပေးနိုင်သည့် နေကြာသီးနှံ တစ်မျိုးတည်းကို လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ၆၅၉,၃၇၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားချက် ရေးဆွဲထားပါကြောင်း၊ တိုးချဲ့စိုက်ပျိုးခြင်းကို နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ မိုးစပါးစိုက်ပြီး အခြားသီးနှံ စိုက်ပျိုးခြင်းမရှိသည့် ဧရိယာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။



ထို့ပြင် ပြည်တွင်းဆီ လုံလောက်မှုအတွက် စိုက်ပျိုးမြေဧရိယာ တိုးချဲ့ခြင်းကို တတ်နိုင်သမျှ သတိထား ဆောင်ရွက်မည်ဖြစ်ပြီး ဆီထွက်သီးနှံဧရိယာ တိုးချဲ့ခြင်းအားဖြင့် အခြားသီးနှံများ၏ စိုက်ဧကများ လျော့နည်းသွင်းခြင်း မဖြစ်စေရန် အတွက်ပါ သတိထား ဆောင်ရွက်ရန်လိုအပ် ကြောင်းလည်းသိရှိရပါသည်။ အလားတူဝန်ကြီးဌာန အနေဖြင့် တစ်ဧကထွက်ရှိသည့် သီးနှံအထွက်တိုးရန်အတွက် လိုအပ်သော နည်းလမ်း (၄)ခု (မျိုး၊ မြေ၊ ရေ၊ နည်း)တွင် တောင်သူများ လက်လှမ်းမီစေရန်၊ မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်ရေးအတွက် တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် မျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးထိန်းခြင်း လုပ်ငန်းများကို ဌာနမှဦးဆောင်ပြီး ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း များကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

ထို့ပြင် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ၊ စိုက်ပျိုးမြေ အာဟာရ ပြည့်ဝရေးလုပ်ငန်းများ၊ သီးနှံစိုက်ပျိုးရာတွင် တောင်သူများ အနေဖြင့် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အချိန်မီ ထွန်ယက်ပြီးစီးနိုင်ရန် ရေလိုအပ်ချိန်၌ ရေပေးသွင်းနိုင်ရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံ့စီးပွား

မြှင့်တင်ရေးအစီအစဉ်မှတစ်ဆင့် ဈေးငွေအစားသွင်းအားစု ပံ့ပိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

Source: https://npnewsmm.com/news/6926c43e07e71f77c072a29c

ဦးသူရိန်ကိုကို
ဒုတိယဦးစီးမှူး
အာရှနှင့် အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ကမ္ဘာ့ဒုတိယအကြီးဆုံး LNG တင်သွင်းသည့်နိုင်ငံဖြစ်လာနိုင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ရည် (LNG) တင်သွင်းမှုသည် ၂၀၃၅ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံထက် သာလွန်နိုင်မည်ဖြစ်ကြောင်းနှင့် အရှေ့တောင်အာရှတွင် အိန္ဒိယနိုင်ငံပြီးနောက် ဒုတိယအကြီးဆုံး LNG တင်သွင်းသည့်နိုင်ငံဖြစ်လာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA) ၏ အကဲဖြတ်မှုများအရ သိရှိရပါသည်။

ပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၂၀၃၅ ခုနှစ်တွင် LNG ၇၅ ဘီလီယံကုဗမီတာ (bcm) ခန့် တင်သွင်းမည် ဖြစ်ပြီး ၎င်းပမာဏသည် ၂၀၂၄ ခုနှစ်တင်သွင်းမှုထက် ၆၀ ရာခိုင်နှုန်း မြင့်မားလျက်ရှိကြောင်း စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ လေ့လာမှုများနှင့် အချက်အလက်များ ထောက်ပံ့ပေးလျက်ရှိသော အစိုးရကြား အဖွဲ့အစည်း၏ အကဲဖြတ်မှုအရ သိရှိရပါသည်။



ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် LNG ၄၂ မှ ၄၄ bcm ခန့် တင်သွင်းမည် ဖြစ်ကြောင်းနှင့် ပါကစ္စတန် နိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် LNG ၃၃ မှ ၃၆ bcm ခန့် တင်သွင်းမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၄ ခုနှစ်တွင် ပါကစ္စတန် နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံထက်LNG တင်သွင်းမှုများ မြင့်မားခဲ့သော်လည်း ၂၀၃၀ပြည့်နှစ် အကုန်ခန့်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် ၎င်းနိုင်ငံ၏ ပြည်တွင်းဓာတ်ငွေ့ သုံးစွဲမှုမြင့်မားလာခြင်းနှင့် ဓာတ်ငွေ့ပြန်လည်

ဖြည့်တင်းနိုင်စွမ်း ကြီးမားလာခြင်းတို့ကြောင့် LNG တင်သွင်းမှုများသည် ပါကစ္စတန်နိုင်ငံထက် ကျော်လွန်နိုင်ကြောင်း IEA ၏ အကဲဖြတ်မှုများအရ သိရှိရပါသည်။

ယခုနှစ်များအတွင်း အိန္ဒိယနိုင်ငံတွင် LNG တင်သွင်းမှုများသည် စက်မှုလုပ်ငန်းများအတွင်း ဝယ်လိုအားများ မြင့်တက်လာခြင်းနှင့် ဝယ်ယူမှု အဆင်ပြေမှုများကြောင့် မြင့်တက်လျက်ရှိကြောင်း၊ ၂၀၃၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် LNG တင်သွင်းမှုကို ၃၅ bcm မှ ၅၀ bcm ခန့်တိုးချဲ့ တင်သွင်းမည်ဖြစ်ကြောင်း IEA ၏ အကဲဖြတ်မှုများအရ သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် စွမ်းအင်ထုတ်လုပ်ရေးနှင့် စက်မှုလုပ်ငန်းများအတွက် LNG ကို မှီခိုသုံးစွဲ လျက်ရှိပါသည်။ ပြည်တွင်းဓာတ်ငွေ့ထုတ်လုပ်လျက်ရှိသော ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အတွက် LNG သည် ပြည်တွင်းဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းခြင်းအတွက် ပြည့်လည်ဖြည့်တင်းသုံးစွဲရန် အရေးပါကြောင်း သိရှိရပါသည်။

သတင်းထောက်များ၏ ပြောကြားချက်များရ အာရှသည် ပြည်တွင်းဓာတ်ငွေ့ထုတ်လုပ်မှု လျော့နည်းလာမှုများအကြားတွင် ကမ္ဘာ့ LNG ဝယ်လိုအားကြီးထွားလာမှုအတွက် အဓိကမောင်းနှင်တံအဖြစ်ရှိလာနိုင်ပြီး ၂၀၃၅ ခုနှစ်တွင် LNG တင်သွင်းမှုများ ၇၅ ရာခိုင်နှုန်းခန့် ရှိလာနိုင်ကြောင်း သိရှိရပါသည်။

Source: https://www.doca.gov.mm/en/node/58387

ဒေါ်ရီရီမွန်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအကြီးအကဲများ ကောင်စီ အစည်းအဝေးနှင့်ဆက်စပ်ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဖိုရမ်သို့ ဒုတိယဝန်ကြီးဦးကျော်ထင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ထင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအကြီးအကဲများကောင်စီ

အစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဖိုရမ် (Shanghai Cooperation Organisation Forum on Sustainable Development)သို့ တက်ရောက်ခဲ့ပါသည်။

ဒုတိယဝန်ကြီးသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် မော်စကိုမြို့ Moscow ESG Center ၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်၏ Achieving Sustainable Development Goals in SCO member states and partner countries section တွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။




ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နှင့် ပန်းတိုင် ၁၇ ခု အောင်မြင်မှုရရှိရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ “Leave No One Behind” ဟူသည့်မူနှင့် အညီ SDG ပန်းတိုင်များကို မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုစီမံကိန်းနှင့် မူဝါဒမူဘောင်များတွင် ဦးစားပေးအဖြစ် ပေါင်းစည်း ထည့်သွင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) အောင်မြင်မှုရရှိရေး အကောင်အထည်ဖော်ရာ၌ ဆင်းရဲမှုလျှော့ချရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်၊ သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရာသီဥတုဆိုင်ရာ လုပ်ငန်းစဉ်စသည့် ပန်းတိုင်များတွင် တိုးတက်မှုများ ရရှိလျက်ရှိကြောင်း၊ ယင်းသို့ တိုးတက်အောင်မြင်မှုများ ရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း ဘဏ္ဍာရေးအရင်းအမြစ် အကန့်အသတ်များ၊ ကိန်းဂဏန်းနှင့် စွမ်းဆောင်ရည်ဆိုင်ရာလိုအပ်ချက်၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး မရေရာမှုများ၏ သက်ရောက်မှုစသည့် စိန်ခေါ်မှုများလည်းရှိနေကြောင်း ဆွေးနွေးခဲ့ပါသည်။

မည်သည့်နိုင်ငံမဆို တစ်နိုင်ငံတည်း၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မရရှိနိုင်ကြောင်း၊ ဒေသအဆင့်တွင် နိုင်ငံများအကြား ခိုင်မာစွာပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေနှင့် နည်းပညာရယူ အသုံးပြုနိုင်မှု၊ နိုင်ငံများအကြား အကျိုးရှိစွာမိတ်ဖက်ပြု၍ အပြန်အလှန်လေ့လာမှုတို့ဖြင့် အတူ

တကွ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်မှုရရှိရေးကြိုးပမ်းရာတွင် အမှန်တကယ် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများသည် မတူကွဲပြားသည့် အတွေ့အကြုံအမျိုးမျိုး၊ ကြွယ်ဝသည့် အရင်းအမြစ်များ၊ တူညီသည့် မျှော်မှန်းချက်များရှိကြသော နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SCO ပူးပေါင်းဆောင်ရွက်မှု ယန္တရားအတွင်း အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် လက်တွဲ၍နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါ သည်။ ယခုနှစ်တွင် ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှကိုယ်စားလှယ် စုစုပေါင်း ၃၄ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.moi.gov.mm/news/77234

ဒေါ်သက်ဆုကြည်<br>
ဦးစီးအရာရှိ<br>
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ<br>
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။

www.mifer.gov.mm